# အာယတွလ်ကုရ်စီ ၏ ထူးမြတ်မှုများ



ဘာသာပြန်သူ
မော်လာနာအဗ်ဒူရ်ရဟီးမ်
**မြင့်လွင်** (ကျုံမျိုး)
(မဒနီ၊ အတ်စ်အဒီ)

Ks-350
4- 0165

တည်းဖြတ်သူ
မော်လာနာကာရီမုဖ်သီ
**မိုဟာမ္မဒ်ယူစွတ်ဖ်**
(အတ်စ်အဒီ)

# အာယတွလ်ကုရ်စီ

# ၏

# ထူးမြတ်မှုများနှင့် အကျိုးများ


ဘာသာပြန်သူ

မော်လနာ အဗ်ဒုရ်ရဟီးမ်

မြင့်လွင် (ကျုံဒိုး)

(မဒနီ - အာတ်စ်အဒီ)

တည်းဖြတ်သူ

မော်လနာ ကာရီမုဖ်သီ

မိုတမ္မဒ်ယူစွတ်ဖ် (အာတ်စ်အဒီ)

**စာမူခွင့်ပြုချက်အမှတ် - (၅၆၇/၉၂) (၅)**

**မျက်နှာဖုံးခွင့်ပြုချက်အမှတ် - (၂၂၈/၉၂) (၁၀)**

**ပုံနှိပ်ခြင်း**

၁၉၉၂ ခု၊ နိုဝင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ- ၁၀၀၀

**မျက်နှာဖုံးဒီဇိုင်း - ဂျွန်**

**အဖုံးရိုက်**

ကျောက်စိမ်းအော့ဖ်စက်

**ပုံနှိပ်သူ**

ဒေါ်သန်းကြည် (မြဲ - ၀၂၆၇၈)

ဝင်းရွှေစင်ပုံနှိပ်တိုက်

အမှတ် - ၂၆၊ ၉၇ လမ်း၊

**ထုတ်ဝေသူ**

ဦးမိုးကြည် (မြဲ - ၀၇၉၅၈)

မိုးကြည်စာပေတိုက်

၂၂၆၊ ဝါးထပ်ကြီး၊ ဗဟန်း၊ ရန်ကုန်။

بسم الله الرحمن الرحيم

# ဘာသာပြန်သူ၏ အမှာစာ

ကျွန်တော်သည် အတ်စ်အဒီယာ အရဗီ ကျောင်းတွင် ကျောင်းဆရာအဖြစ် နေထိုင်ရင်း အားလပ်ချိန်တွင် ကျမ်းငယ်တစ်စောင်ကို ပြုစုရေးသားနေစဉ် ရမည်းသင်းမြို့မှ ကျွန်ုပ်၏မိတ်ဆွေ မော်လာနာ အဗ်ဒုလ်လ္လာဟ် တင်မောင်သန်း (မဒနီ) အမှတ်မထင် ရောက်ရှိလာသည်။ သူက ကျွန်ုပ်အား 'သူငယ်ချင်း မင်း အခု ဘာတွေ ရေးနေလဲ၊ မင်း ရေးလက်စစာမူကို ခဏထားပြီး ဒီစာအုပ်ကို ဘာသာပြန်ကွာ။ လူတိုင်းအတွက် အကျိုးရှိနိုင်တယ်' စသည်ဖြင့် သူယူလာသော စာအုပ်ငယ်လေးတစ်အုပ်ကို ကျွန်တော့်အား ပေးခဲ့ပါသည်။ ထိုစဉ်က ကျွန်ုပ်သည် ရေးလက်စ 'အလင်းတရား၏ အတွင်းစကားများ'ဟူသော စာမူကိုသာ အာရုံစိုက်ခဲ့ပြီး မော်လာနာ

တင်မောင်သန်းပေးခဲ့သော စာအုပ်ငယ်ကို စာအုပ်စင်ပေါ်တွင် အမှုမဲ့ အမှတ်မဲ့ တင်ထားခဲ့သည်။ တစ်နေ့ စာအုပ်တစ်အုပ်ကို ရှာဖွေရင်း သူပေးခဲ့သော စာအုပ်ကို တွေ့ပြန်ရာ သေသေချာချာ ဖတ်ကြည့်တော့မှ အိန္ဒိယနိုင်ငံ စဟာရန်ပူရိရှိ မဇ္ဇာဟေရွလ်အိုလူမ် ကျောင်းမှ ကျောင်းဆရာ မော်လာနာ အလီမွလ္လာဟ် မဇ္ဇာဟရီ ရေးသားပြုစုသော အန်ဝါရေကွဒ်စီ ကျမ်းငယ်ဖြစ်ကြောင်း သိရသည်။ ထိုကျမ်းငယ်ကို အစမှ အဆုံးထိ ဖတ်ကြည့်ရာ အာယတွလ်ကုရ်စီ၏ ထူးမြတ်မှုများနှင့် လက်တွေ့အကျိုးထူးပုံတို့ကို တွေ့ရပြီး မွတ်စလင်မ်တိုင်း အကျိုးခံစားနိုင်ရန်အတွက် ဘာသာပြန်ရသော် ကောင်း၏ဟူ၍ စိတ်၌ ဖြစ်ပေါ်သည့်အတိုင်း အလ္လာဟ်အရှင့် ကျေးဇူးတော်ဖြင့် မူရင်း အူရဒူမှ မြန်မာဘာသာသို့ ပြန်ဆိုခဲ့သည်။ ဤကျမ်းငယ်တွင် အာယတွလ် ကုရ်စီ၏ ထူးမြတ်မှုများနှင့် အကျိုးတို့ကို အဓိကထား၍ ရေးသားထားပေရာ ကျွန်တော်သည် ဤဘာသာပြန်ကျမ်းငယ်ကို **အာယတွလ်ကုရ်စီ၏ ထူးမြတ်မှုများနှင့် အကျိုးများ** ဟူ၍ အမည်ပေးထားပါသည်။

ကျွန်ုပ်၏မိတ်ဆွေ မော်လာနာ တင်မောင်သန်း ပေးသော အန်ဝါရေကွဒ်စီကို အူရဒူဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုပြီးကြောင်း ၎င်းအား အကြောင်းကြားလိုက်ရာ ချက်ချင်း ရန်ကုန်သို့ ဆင်းလာပြီး စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီခဲ့ပါသည်။

'အစ္စလာမ် စာပေလောကတွင် ဖဿာအ်လ် (ထူးမြတ်မှုများ) ယပ်နေပြီး တခြားရေးစရာ မရှိတော့ဘူးလား' ဟုလည်း အချို့

စာရေးဆရာ မိတ်ဆွေများက ဆိုလာကြသည်။ စင်စစ် လူသည် အကျိုးအမြတ်ကိုမြင်မှ အလုပ်လုပ်ချင်သည့် ဗီဇရှိသည်။ အကျိုးအမြတ်ကို မြင်လျှင် မိမိ ပြုလုပ်ရသော အလုပ်ကို ပင်ပန်းသည်ဟု မခံစားရပေ။ ထို့အတူ မွတ်စလင်မ်တို့သည်လည်း အစ္စလာမ် ကျင့်ဝတ်တို့၏ အကျိုးအမြတ်ကို မြင်မှ လိုက်နာကျင့်သုံးရန် စိတ်သန်လာပေမည်။ ထိုအကျိုးအမြတ်တို့ကို မသိမမြင်ချေက အစ္စလာမ့် ကျင့်ဝတ်များကို လိုက်နာ ကျင့်ကြံရာ၌ ခက်ခဲလေးလံနေပေမည်။ ယခု ဤကျမ်းငယ်သည်လည်း အာယတွလ်ကုရ်စီ၏ ထူးမြတ်မှုကို ပြဆိုထားသည်။ အာယတွလ်ကုရ်စီသည် ကျမ်းတော်မြတ်ကုရ်အာန်ရှိ အာယတ်များအနက် ထူးခြားသော အာယတ်ဖြစ်သည်။ ထိုအာယတ်တွလ်ကုရ်စီကို မွတ်စလင်မ် အမျိုးသားအမျိုးသမီးတိုင်း အဓိပ္ပာယ်နှင့်တကွ ကျက်မှတ်ပြီး ယုံကြည်မှုအသိ ခိုင်မြဲရန်နှင့် အကျိုးထူးများ ခံစားနိုင်ရန် ဤကျမ်းငယ်ကို အူရဒူဘာသာမှ မြန်မာ ဘာသာသို့ ပြန်ဆိုရေးသားလိုက်ရပါသည်။

ဤကျမ်းမူရင်းကို ရေးသားပြုစုသူ မော်လာနာ အလီမွလ္လာဟ် မဇ္ဇာဟေရီ၊ ဤကျမ်းငယ်ကို ကျွန်ုပ်ထံ လာရောက်ပေးပို့သူ မော်လာနာ အဗ်ဒွလ္လာဟ် တင်မောင်သန်း (ရမည်းသင်း)၊ အူရဒူမှ မြန်မာသို့ ပြန်ဆိုရေးသားသူ ကျွန်တော်ကိုယ်တိုင်နှင့် တည်းဖြတ်သူ အတ်စအဒီယာ ကျောင်းအုပ်ဆရာကြီး၊ ဓမ္မသတ်မှူး မော်လာနာ ကာရီ မွတ်ဖ်တီမုဟမ္မဒ်ယူစွတ်ဖ် အတ်စအဒီ အပါအဝင် မွတ်စလင်မ် အမျိုးသား အမျိုးသမီးအားလုံး ဤကျမ်းငယ်ဖြင့် အလ္လာဟ်အရှင်

မြတ်၏ ကရုဏာတော်၊ ကျေးဇူးတော်တို့ကို နှစ်ဘဝနှစ်ဌာန ခံစားနိုင်ကြပြီး အောင်မြင်စေကြောင်း ဆုတောင်းလျက် ...

ဘာသာပြန်သူ

**ဆရာအစ်ဒုရ်ရဟီးမ်၊ မြင့်လွင် (ကျုံဒိုး)**
**အတ်စ်အဒီယာ အရဗီကျောင်း**
**အမှတ် -၂၃၊ ကန်ရိပ်သာလမ်း**
**ကန်တော်ကလေး၊ ရန်ကုန်**

# တည်းဖြတ်သူ၏ အမှာစာ

ဂျာမေအဟ် အတ်စ်အဒီယာ ကျောင်းဆရာ မော်လာနာ အဗ်ဒုရ်ရဟီးမ်၊ မဒနီ အတ်စအဒီ (ကျုံဒိုး) ဘာသာပြန်ဆို ရေးသား ထားသော 'အသွဝါအွန်အလာဖသွာအီလိဝခါဝါး ဇွီအာယာတိလ်ကုရ် စီ– အာယတွလ်ကုရ်စီ၏ ထူးမြတ်မှုများနှင့် အကျိုးများ' ဟူသော ကျမ်းငယ်ကိုလည်း တည်းဖြတ်ဖတ်ရှုခွင့်ရရှိခဲ့ပါသည်။ ဘာသာပြန် သူ မော်လာနာသည် မူရင်း အူရဒူဘာသာဖြင့် ရေးသားထားသော 'မော်လာနာအလီမွလ္လာတ်မဇ္ဇာဟေရီ'၏ 'အန်ဝါရေကွဒ်စီ' ကျမ်းကို မြန်မာဘာသာသို့ ပြန်ဆိုထားခြင်းဖြစ်သည်။ မွတ်စလင်မ် အမျိုးသား

အမျိုးသမီးတိုင်း လူကြီးလူငယ်မရွေး ဖတ်မှတ် နားလည်နိုင်ပြီး ကျင့်သုံးလွယ်အောင် ကြိုးစားပြန်ဆိုထားသည်ကို တွေ့ရ ပေသည်။

ကျမ်းတော်မြတ်ကုရ်အာန်ရှိ စူရဟ်တိုင်း၊ အာယတ်တိုင်း၊ စာလုံးတိုင်း၊ အက္ခရာတိုင်းသည် မြင့်မြတ်သည်ချည်း ဖြစ်ပါသည်၊ ကျမ်းတော်မြတ် ကုရ်အာန်ရှိ အက္ခရာတစ်လုံး၏ မြင့်မြတ်မှုကိုပင် ကျွန်ုပ်တို့စိတ်နှင့် မထောက်မိနိုင်အောင် နက်ရှိုင်းကျယ်ဝန်းလှပေ သည်။ အာယတွလ်ကုရ်စီ၏ ထူးခြားမြင့်မြတ်မှုများကိုလည်း ရေး ဖွဲ့၍ ကုန်နိုင်မည် မဟုတ်ပေ။

အရာရာတိုင်းတွင် တန်ဖိုးကိုယ်စီ ရှိကြသည်။ ထိုတန်ဖိုးကို သိမှသာလျှင် ထိုအရာကို လေးစားမည်။ တန်ဖိုးထားမည်။ အာယတွလ် ကုရ်စီတွင် တိုင်းတာ၍မရသော တန်ဖိုးနှင့် မြင့်မြတ်မှုများရှိသည်။ ထိုတန်ဖိုးနှင့် မြင့်မြတ်မှုကို သိပါမှ အလ္လာဟ်အရှင်၏ နှုတ်ခပါဌ် တော် အာယတွလ်ကုရ်စီကို လေးစားလာမည်။ ယုံကြည်မှုအသိ တိုးပွားလာပေမည်။ ဤကျမ်းငယ်တွင် အာယတွလ်ကုရ်စီ၏ မြင့် မြတ်မှုများ အဖွင့်နှင့် အကျိုးထူးပုံများကို တစ်စိတ်တစ်စေသ ဖော်ပြထားပေရာ မွတ်စလင်မ်တိုင်း ဖတ်ရှုပြီး ယုံကြည်မှု တိုးတက် ခိုင်မာလာပေမည်။

အလ္လာဟ်အရှင်သည် ဤကျမ်းကိုရေးသူ မော်လာနာ အလီ မွလ္လာဟ်မဇ္ဇာဟေရီ၊ တည်းဖြတ်သူ ကျွန်တော်နှင့် ဘာသာပြန်ဆိုသူ မော်လာနာ အဗ်ဒုရ်ရဟီးမ်နှင့်တကွ မွတ်စလင်မ်တိုင်းကို ယုံကြည် မှုခိုင်မြဲစေပြီး နှစ်ဘဝအောင်မြင်မှု ပေးသနားတော်မူပါစေ။ မော်လာနာ

အစ်ဒုရ်ရဟီးမ် အနေဖြင့်လည်း အစ္စလာမ်သာသနာအကျိုးပြု စာအုပ် စာပေများကို ဆက်လက်ရေးသားပြုစုနိုင်ပါစေ ... ဟု ထပ်လောင်း ဆုတောင်း ဒိုအာပြုလိုက်ပါသည်။

တည်းဖြတ်သူ

**မော်လာနာ ကာရီမွတ်ဖ်တီ မုဟမ္မဒ် ယူစွတ်ဖ် အတ်စ်အဒီ**
**(ကျောင်းအုပ်ဆရာကြီး၊ မွေ့သတ်မှူး)**
**ဂျာမေအဟ် အတ်စ်အဒီယာ အရဗီကျောင်း၊**
**ရန်ကုန်မြို့။**

# မူလစာရေးသူ၏ အမှာနိဒါန်း

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

اَلْحَمْدُ لِلّٰهِ الَّذِىْ خَلَقَ الْعَرْشَ وَالْكُرْسِىَّ بِمَحْضِ قُدْرَتِهٖ وَالصَّلٰوةُ وَالسَّلَامُ عَلٰى نَبِيِّهٖ مُحَمَّدٍ خَيْرِ خَلِيْقَتِهٖ وَعَلٰى اٰلِهٖ وَصَحْبِهٖ وَمَنْ تَبِعَهٗ فِىْ طَرِيْقِهٖ وَسِيْرَتِهٖ - أما بعد

ချီးမွမ်းသမျှ အလ္လာဟ်အရှင်မြတ်သာလျှင် ခံယူထိုက်တော်မူ၏။ ထိုအရှင်သည် အရှ်စံနန်းတော်နှင့် 'ကုရ်စီ' ပလ္လင်တော်ကို မိမိ၏ ကွဒ်ရတ်တန်ခိုးတော်ဖြင့်သာ ဖန်ဆင်းတော်မူသည်။ ၎င်းပြင်

ထိုအရှင်၏ နဗီတမန်တော် မုဟမ္မဒ် (အ့ပေါ်သို့ စွလဝါတ်စလာမ် အရှင်မြတ်၏ မေတ္တာတော်နှင့် ငြိမ်းချမ်းသာယာမှုအဖြာဖြာ သက်ရောက်သည် ဖြစ်ပါစေ) ထိုတမန်တော်သည် အဖန်ဆင်းခံများအနက် အမြတ်ဆုံးဖြစ်သည်။ ၎င်းပြင် ထိုတမန်တော်မြတ်၏ ဆွေတော်မျိုးတော်များ၊ အဆွေတော် သာဝကကြီးများနှင့် ထိုတမန်တော် ၏ လမ်းစဉ်နှင့် အကျင့်ကို လိုက်နာကျင့်ကြံသူတို့အပေါ်၌လည်း အရှင့်မေတ္တာတော်နှင့် ငြိမ်းချမ်းခြင်း သက်ရောက်သည် ဖြစ်ပါစေ၊

ဤစာတမ်းငယ်သည် အာယတွလ်ကုရ်စီ၏ မြင့်မြတ်မှုများ၊ ထူးခြားချက်များနှင့် အကျိုးများကို ဖော်ပြထားသည်။ အာယတွလ်ကုရ်စီ၏ မြင့်မြတ်မှုများနှင့် စပ်လျဉ်း၍ ဟဒီသ် သြဝါဒတော်အများအပြားလာရှိပေသည်။ ထိုအာယတွလ်ကုရ်စီ၏ (ဒွန္နယာ) လောကီနှင့် (အာခိရတ်) လောကုတ္တရာ နှစ်ဘဝအကျိုးထူးများလည်း မရေမတွက်နိုင်အောင် ရှိသည်။

သာသနာ့ ပညာရှင်ကြီးများနှင့် သူတော်ကောင်းတို့သည် ဤအာယတ်တွလ်ကုရ်စီတော်ကို ကျင့်စဉ်တစ်ရပ်အနေဖြင့် စွဲကိုင်ထားကြပြီး ထိုအာယတ်တော်၏ ထူးမြတ်မှုများနှင့် အကျိုးများကို နည်းအမျိုးမျိုးဖြင့် စာအုပ်အမျိုးမျိုးတွင် ရေးသားထားပေသည်။ အာယတွလ်ကုရ်စီကို အလွယ်တကူလေ့လာနိုင်ပြီး အကျိုးထူး ခံစားနိုင်ရန် ထိုအမျိုးမျိုးသော ကျမ်းတို့ကို စု၍ ကျမ်းတစ်စောင်အဖြစ် ပြုစုရန် စိတ်ကူးပေါ်ခဲ့သည်။ ထို့ကြောင့် ဤကျမ်းငယ်ကို ပြုစုရာတွင် ရှုဟွလ်မအာနီ၊ မိရ်အတွလ်အတ်စရာရ်၊ နွှတ်ဇဟာတွလ်မဂျာ

လိစ်ခဇိနတွလ်အတ်စ်ရာရ်နှင့်အခြားကျမ်းတို့ကို မှီးငြမ်းလျက် လူတိုင်း နားလည်သဘောပေါက်အောင် ရိုးရှင်းစွာ ရေးသားပြုစု ကြိုးစား ထားပါသည်။

ကြိုးစားရမည်ကား ကျွန်ုပ်၏ တာဝန်သာ။ အောင်မြင်မှုကား အလ္လာဟ်အရှင့် ဘက်တော်မှ အဆုံးအဖြတ်သာလျှင် ဖြစ်ချေသည်။

## အာယတွလ်ကုရ်စီ၏ နာမတော်များ

အာယတွလ်ကုရ်စီ၏ ဘွဲ့တော်နာမတော်များစွာ ရှိသည်။ စိုင်ယိဒ်မူဟာမ္မဒ်တကီနာဇေလီကာခဇိနတွလ်အတ်စ်ရာရ် ကျမ်းတွင် အာယတွလ်ကုရ်စီ၏ ဘွဲ့အမည်တော် လေးဆယ် ဖော်ပြထားပြီး ဘွဲ့အမည်တစ်ခုချင်း၏ အမည်မှည့်ခေါ်ရခြင်း အကြောင်းကိုလည်း ဖော်ပြထားသည်။ ဤကျမ်းငယ်တွင် လေးမည့်စိုးသဖြင့် ထိုဘွဲ့အမည် အချို့ကိုသာ ဖော်ပြပါမည်။ အကျယ်သိလိုက ခဇိနတွလ် အတ်စ်ရာရ် ကျမ်းတွင် ကြည့်ပါလေ။

ထိုဘွဲ့အမည် အချို့မှာ ...

سَيِّدَةُ آيِ الْقُرْآنِ

(၁) ကုရ်အာန်ကျမ်းမြတ်ရှိ အာယတ်တော်အပေါင်း၏ ဦးသျှောင်။

## أَفْضَلُ آيِ الْقُرْآنِ

(၂) ကုရ်အာန်ကျမ်းမြတ်၏ အမြတ်ဆုံး အာယတ်။

## أَشْرَفُ آيِ الْقُرْآنِ

(၃) ကုရ်အာန်ကျမ်းမြတ်၏ အထူးမြတ်ဆုံး အာယတ်။

## ذُرْوَةُ آيِ الْقُرْآنِ

(၄) ကုရ်အာန်ကျမ်းမြတ်၏ အာယတ်အပေါင်း၏ ထွတ်ခေါင်။

## آيَةُ الْفَتْحِ

(၅) အောင်မြင်လွတ်မြောက်မှု အာယတ်တော်။

آيَةُ الْبَرَكَةِ وَالنُّمُى

(၆) မင်္ဂလာနှင့် ချမ်းသာပွားများမှု အာယတ်တော်။

آيَةُ الْمُقَدَّسَةِ

(၇) သန့်ရှင်းသော အယတ်တော်။

صِفَةُ اللّٰهِ

(၈) အလ္လာတ်အရှင်၏ ဂုဏ်တော်။

نِعْمَةُ اللّٰهِ

(၉) အလ္လာဟ်အရှင်၏ နိအ်မတ် ကျေးဇူးတော်။

## آيَةُ التَّوْحِيدِ

(၁၀) အလ္လာဟ်အရှင် တပါးတည်းရှိကြောင်း
အာယတ်တော်။

## آيَةُ الْمُسْتَغِيثِينَ

(၁၁) အကူအညီတောင်းခံသူတို့၏ အာယတ်တော်။

## آيَةُ الْأَئِمَّةِ

(၁၂) အရှင့်ထံမှ ကျေးဇူးတော်များ အာယတ်တော်။

## آيَةُ الْحَافِظَةِ

(၁၃) ဘေးရန်ခပ်သိမ်းမှ ကာကွယ်ထိန်းသိမ်းကြောင်း
အာယတ်တော်။

## آيَةُ الْوَاقِعَةِ

(၁၄) ကောင်းချီးမင်္ဂလာ သက်ရောက်ကြောင်း
အာယတ်တော်။

## آيَةُ الرَّافِعَةِ

(၁၅) ဘေးရန်ကာဆီးစေသော အာယတ်တော်။

### အာယတွလ်ကုရ်စီတော်၏
### အက္ခရာများ၊ စာလုံးများနှင့် အပိုဒ်တို့၏ အရေအတွက်

အာယတွလ်ကုရ်စီ၏ အက္ခရာပေါင်း (၁၇၀) ရှိသည်။ စာလုံးပေါင်း (၅၀) ရှိသည်။ အပိုဒ်ခုနစ်ပိုဒ် ရှိသည်။ အချို့အဆို အရ အပိုဒ်ဖြတ် (၁၇) ပိုဒ်ရှိသည်။

## 'အာယတွလ်ကုရ်စီ' ဟု အမည်မှည့်ခေါ်ရခြင်း အကြောင်း

ကျမ်းတော်မြတ် ကုရ်အာန်ရှိ စူရာဟ်များကို အမည်မှည့်ခေါ်ရာတွင် ထိုစူရာဟ်ရှိ စာလုံးအချို့ကို ယူ၍ စူရာဟ်ကဏ္ဍ တစ်ခုလုံးကို အမည်ထားသကဲ့သို့ 'အာယတ်တွလ်ကုရ်စီ'ဟူသော အမည်ကိုလည်း ထိုအာယတ်ရှိ 'ကုရ်စီ' ဟူသော စာလုံးကို ယူ၍ အမည်မှည့်ခေါ်ထားခြင်းဖြစ်သည်။ ဤသည်ပင် အာယတုလ်ကုရ်စီ၏ ထူးခြားမြင့်မြတ်မှုများအနက် ထူးခြားမှုတစ်ရပ် ဖြစ်ပြန်သည်။

## ကုရ်စီ၏ အဓိပ္ပာယ်

'ကုရ်စီ'၏ အဘိဓာန်အဓိပ္ပာယ်မှာ 'အရာဝတ္ထုတစ်ခုကို အခြားအရာဝတ္ထုတစ်ခုနှင့် ရောနှောပေါင်းစပ်ခြင်း' ဖြစ်သည်။

**(အိဗ်နိုကစီးရ်)**

'ကုရ်စီ' ဆိုသည်မှာ 'အရရှ်ပလ္လင်တော်ကို ဆိုလိုသည်'ဟု အချို့ပညာရှင်တို့ဆိုကြသည်။ အချို့က 'ကုရ်စီ' ကို 'အလ္လာဟ်အရှင်၏ ဂုဏ်တန်ခိုးတော်' ဟု အနက်ဟောသည်။ အချို့က 'အလ္လာဟ်အရှင်၏ အစီအမံတော်' ဟု ယူကြသည်။ အချို့က 'ကုရ်စီ' ကို 'ကောင်းကင်တမန်တစ်ပါး' ဟု ဆိုကြသည်။ အချို့ကလည်း 'ကုရ်စီ' ဟူသည် 'အလ္လာဟ်အရှင်၏ အေလင်မ် (အသိ) ပညာတော်ဟု ဖွင့်ဆိုကြသည်။ အဗ်နုအဗ္ဗားစ် (ရသွေ့) သခင်ကလည်း ဤအတိုင်းပင် ဖွင့်ဆိုသည်။ အချို့က 'ကုရ်စီ' ဟူသည်

'အလ္လာဟ်အရှင်မြတ်၏ ဘုန်းတော် အာဏာစက်' ဟု ဆိုသည်။ အချို့ပညာရှင်များကမူ 'ကုရ်စီ'ကို 'မူရင်းအတိုင်း ထိုင်ရသော နေရာ (ပလ္လင်) ဖြစ်သည်' ဟု ဆိုကြသည်။ အလ္လာဟ်အရှင်၏ ကြီးကျယ်မြင့်မြတ်မှု၊ အာဏာစက် ကျယ်ဝန်းမှု၊ အရာရာကို လွှမ်းခြုံသိမြင်တော်မူခြင်း စသည်တို့ကို ထိုပလ္လင်နှင့် ပုံဆောင် ဖော်ပြထားခြင်း ဖြစ်သည်။ ဤနေရာ၌ ထိုင်ရသော ထိုင်သူရှိ သူရှိသော ပလ္လင်မဟုတ်။ အရှင့်ဂုဏ်တန်ခိုးတော်များကို သွယ် ဝိုက်သုံးနှုန်းထားခြင်း ဖြစ်သည်ဟု ဆိုကြသည်။ ပညာရှင် အများစုက ဤအဆိုကို ရွေးချယ်လက်ခံကြသည်။

ကုရ်စီသည် ရုပ်ဒြပ်ရှိ ပစ္စည်းတစ်ခုဖြစ်သည်။ ထိုကုရ်စီ သည် အရ်ရှ်တော်၏ ရှေ့တွင်ရှိပြီး မိုးခုနစ်ထပ်နှင့် မြေကို ဝန်းရံထားသည်။

အိဗ်နုအဗ္ဗားစ် (ရသွေ့) သခင်ထံမှ ရေဝါယတ်အဆို တစ်ရပ်လာရှိသည်။ 'အကယ်၍ မိုးနှင့်မြေကို ဖြန့်ဆက်ပြီး ကုရ်စီနှင့် နှိုင်းစာလျှင် ကုရ်စီ၏ အကျယ်အဝန်းကို မမီနိုင်။'

**(ရှုဟွလ်မအာနီ)**

အချို့ မုဟက္ကိက် ပညာရှင်များက ကျမ်းတော်မြတ် ကုရ် အာန်တွင် 'ကုရ်စီ' ဟူသော စာလုံးကို အလ္လာဟ်အရှင်မြတ်၏ ပြီးပြည့်စုံလင်မှုကို သွယ်ဝိုက် သုံးနှုန်းထားသည်။ ကုရ်စီသည် အလ္လာဟ်အရှင်၏ အုပ်ချုပ်ပိုင်စိုးမှုနှင့် တန်ခိုးတော်တို့ကို ဆို လိုသည်။ အလ္လာဟ်အရှင်၏ အုပ်ချုပ်မှုအာဏာစက်နှင့် တန်ခိုး တော်တို့သည် မိုးနှင့်မြေ၌ ရှိရှိသမျှ အရာဝတ္ထုများပေါ်တွင်

လွှမ်းခြုံသက်ရောက်သည်။ ထိုအုပ်ချုပ်မှု အာဏာစက်နှင့် တန်ခိုးတော်မှ ကင်းလွတ်သောအရာသည် မြူမှုန်မျှမရှိ။ လူတို့သည် မိမိတို့၏ ဘုရင်၊ မင်းအစိုးရ၏ ဘုန်းအာဏာကို နန်းတော်၊ ပလ္လင် စသည်ဖြင့် သုံးနှုန်းကြရာ ၎င်းလူသားတို့ နားလည်သဘောပေါက်ရန် အလ္လာဟ်အရှင်ကလည်း မိမိ၏ ဂုဏ်တန်ခိုးတော်တို့ကို ကုရ်စီတော်ဖြင့် ခိုင်းနှိုင်းဖော်ပြထားသည်' ဟု ဆိုကြသည်။

**(တဖ်စီးရ်ဟက္ကာနီ)**

အချို့ ပညာရှင်များက အရ်ရှ်နှင့်ကုရ်စီသည် တစ်ခုတည်းဟု ဆိုကြသည်။ အချို့ကလည်း အရ်ရှ်နှင့် ကုရ်စီသည် တစ်ခုစီဖြစ်ပြီး ကုရ်စီသည် အရ်ရှ်တော်၏ ရှေ့တွင်ရှိသည်ဟု ဆိုကြပြန်သည်။ **(တဖ်စီရ်ဂျဝါဟီရ်)**

## အယတွလ်ကုရ်စီ၏ ထူးမြတ်မှုများ

အဘူဟုရိုင်ရဟ် (ရသွေ့) သခင်က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွ)အမိန့်ရှိတော်မူသည်။ 'အရာရာတိုင်းတွင် မြင့်မားမှုရှိသည်။ ကျမ်းတော်မြတ် ကုရ်အာန်၏ မြင့်မားမှုဂုဏ်ရည်သည် စူရာဟ်ဘကရဟ် ဖြစ်သည်။ ထို့နောက် အာယတွလ်ကုရ်စီသည် အမြင့်မားဆုံးဖြစ်သည်။

**(တစ်ဖ်စီရ်ဂျဝါဟီရ်)**

အိဗ်နုအဗ္ဗားစ် (ရသွေ့)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်က ဤသို့မိန့်တော်မူခဲ့သည်။ 'ငါတမန်တော်သည် အာ

ယတွလ်ကုရ်စီတော်၏ အကျိုးထူးမြတ်မှုနှင့် စပ်လျဉ်း၍ ဂျိဗရီလ် ကောင်းကင်တမန်အား မေးလျှောက်ရာ ဂျိဗရီလ်က ဤသို့ ဆိုသည်။ 'အလ္လာဟ်အရှင်သည် ဤကမ္ဘာမြေပြင်ကို ဖန်ဆင်း ဖြစ်တည်စေတော်မူသောအခါ ဤကမ္ဘာကြီးသည် တည်ငြိမ်သည် မရှိဘဲ ခါယမ်းနေသည်။ အလ္လာဟ်အရှင်မြတ်က ကမ္ဘာကြီး တည်ငြိမ်အောင် ကောင်းကင်တမန် ဖရစ်ရှ်တာပေါင်း ခုနစ် သောင်းကို စေလွှတ်တော်မူ၏။ သို့သော် ထိုကောင်းကင်တမန် တို့သည် ကမ္ဘာမြေတည်ငြိမ်အောင် မတတ်နိုင်ကြသဖြင့် ကမ္ဘာ ကြီးသည် လှုပ်ယမ်းမြဲတိုင်းလှုပ်ယမ်းနေသည်။ အလ္လာဟ်အရှင် သည် နောက်ထပ် ကောင်းကင်တမန်ခုနစ်သောင်းကို စေလွှတ် တော်မူ၏။ သို့သော် ထိုကောင်းကင်တမန်တို့သည် ကမ္ဘာမြေ တည်ငြိမ်အောင် မတတ်နိုင်ကြသဖြင့် ကမ္ဘာကြီးသည် လှုပ်ယမ်း မြဲတိုင်း လှုပ်ယမ်းနေသည်။ အလ္လာဟ်အရှင်သည် နောက်ထပ် ကောင်းကင်တမန် ခုနစ်သောင်းကို စေလွှတ်တော်မူပြန်ရာ ကမ္ဘာကြီးသည် လှုပ်ရှားမြဲတိုင်း လှုပ်ရှားနေသည်။ တစ်ဖန် ကောင်းကင်တမန် ခုနစ်သောင်းကို ထပ်မံစေလွှတ်သော်လည်း ၎င်းကောင်းကင်တမန်တော်တို့သည် ကမ္ဘာကြီးတည်ငြိမ်အောင် မဆောင်ရွက်နိုင်ကြဘဲ ကမ္ဘာကြီးသည် ခါယမ်းလျက်ပင် ရှိနေ သည်။ ထို့နောက် အလ္လာဟ်အရှင်သည် ကမ္ဘာမြေပြင်ပေါ်၌ ကားဖ်တောင်တန်းကြီးကို ဖန်ဆင်းတော်မူပြီး ကမ္ဘာကြီးကို ဝန်းရံစိုက်ထူတော်မူ၏။ ထိုဧရာမ တောင်တန်း၏ ဝန်းကျင်၌ တောင် ၄၀၀၀ ကိုလည်း ဖန်ဆင်းစိုက်ထူတော်မူ၏။ ထိုတောင်

တို့သည်လည်း ကမ္ဘာကြီး တည်ငြိမ်အောင် မတတ်နိုင်ကြ။ နောက်ဆုံး၌ ကမ္ဘာမြေပေါ်တွင် အာယတွလ်ကုရ်စီတော်ကို ရေးမှတ်တော်မူရာ ကမ္ဘာမြေကြီးသည် တည်ငြိမ်သွားလေသည်။ (အမှန်မှာ အလ္လာဟ်အရှင်၏ တည်ငြိမ်စေဟူသော အမိန့်တော်ဖြင့်ပင် ကမ္ဘာကြီးတည်ငြိမ်မှု လုံလောက်ပေသည်။ သို့သော် အာယတွလ်ကုရ်စီ၏ ဂုဏ်တော်ကို ဖော်ဆောင်တော်မူလိုသဖြင့် အဆင့်ဆင့် မိန့်တော်မူခြင်းဖြစ်သည်။ ဘာသာပြန်သူ) သို့ဖြစ်ရာ အကြင်သူသည် အာယတွလ်ကုရ်စီကို ရွတ်ဖတ်အံ့၊ ထိုသူသည် ဤကမ္ဘာမြေပြင်ရှိ ကာဖ်တောင်တန်းကြီးနှင့် တောင်စွယ်လေးထောင်တို့၏ အလေးချိန်နှင့် အမျှ အကျိုးကုသိုလ်ရရှိအံ့။ ထို့ပြင် ထိုသူသည် ကောင်းကင်တမန်တို့ ပြုလုပ်သော တပ်စ်ဗီဟ်[၁]၊ တပ်က်ဒီးစ်[၂] တို့၏ အကျိုးကုသိုလ်ကိုလည်း ရရှိအံ့။

**(နွတ်ဇ်ဟာကျမ်း)**

အလ္လာဟ်အရှင်သည် မုအ်မင်န် ယုံကြည်သူတို့အတွက် ရှိုင်တွာန်မိစ္ဆာများ၏ အနှောင့်အယှက်မှ ကင်းငြိမ်းရန် အာယတွလ်ကုရ်စီကို ချပေးသနားတော်မူသည်။

**(အရာအစ်ကျမ်း)**

---

၁။ **တပ်စဗီဟ်။ အလ္လာဟ်အရှင်သည် ချို့တဲ့မှုအပေါင်းမှ စင်ကြယ်တော်မူကြောင်း မြွက်ဆိုမှု။**

၂။ **တပ်က်ဒီးစ်၊ အလ္လာဟ်အရှင်သည် မြင့်မြတ် သန့်ရှင်းတော်မူကြောင်း မြွက်ဆိုမှု။**

တမန်တော်မြတ် (စွ) ကိုယ်တော်သည် အလ္လာဟ်အရှင့်ထံ ဤသို့ လျှောက်ထားတောင်းဆိုခဲ့သည်။ 'အို အလ္လာဟ်အရှင်၊ အရှင်သည် ခသ္သိရ် (အလိုင်) သခင်အား (အာဗေဟယာတ်) ရှင်သန်မှုစမ်းရေကို ချီးမြှင့်တော်မူခဲ့သည်။ ထိုအခါ အလ္လာဟ် အရှင်မြတ်က 'ငါ အရှင်သည် သင်တို့ကို ထိုရှင်သန်မှုစမ်းရေ အစား (စလ်စဘီးလ်မြစ်) ထာဝရစီးတွေလျက်ရှိသော ယမကာ မြစ်ကို ချီးမြှင့်တော်မူမည်'ဟု မိန့်တော်မူ၏။ တမန်တော်မြတ် က 'အို ... အရှင်၊ အရှင်သည် မူစာ(အလိုင်) အား တောင်ရတ် ကျမ်းကို ချီးမြှင့်တော်မူခဲ့သည်ဟု တင်လျှောက်ရာ အလ္လာဟ်အရှင် မြတ်က 'ငါအရှင်သည် ငါအရှင်၏ အရရှ်ပလ္လင်တော်၏ ဘဏ္ဍာတိုက်မှ အာယတွလ်ကုရ်စီကို ချပေးသနားတော်မူမည်' ဟု မိန့်တော်မူ၏။

မုဟမ္မဒ်ဟနဖ်ဗီယာ (ရဟေ့) သခင်က ဤသို့ အမိန့်ရှိခဲ့ သည်။ (ထိုပုဂ္ဂိုလ်၏ မိခင်မှာ ခေါင်လာဟ် (ရသွေ့) သခင်မ ဖြစ်ပြီး ဖခင်မှာ အလီအိဗ်နုအဘီတွာလိစ်(ရသွေ့) သခင်ဖြစ် သည်။) အာယတွလ်ကုရ်စီ ကျရောက်လာသောအခါ ရှိရှိသမျှ အပ်စ္စနာမ်ရုပ်တုများသည် စောက်ထိုးပြုတ်ကျကုန်သည်။ ၎င်းတို့ ၏ ဦးခေါင်းရှိ သရဖူတို့သည်လည်း ကျွတ်ကျကုန်သည်။ ထို အခြင်းအရာကို ရှိုင်တွာန်မိစ္ဆာတို့မြင်သော် မိမိတို့၏ အကြီးအမှူး ဖြစ်သော အိဗ်လိစ်ထံသို့ ပြေး၍စုဝေးကြသည်။

ထို့နောက် ရှိုင်တွာန် အပေါင်းတို့သည် ခေါင်းဆောင် အိဗ်လိစ်အား 'အို ခေါင်းဆောင်ကြီး၊ ယနေ့ကမ္ဘာမြေပြင်ဝယ်

ထူးခြားဆန်းကြယ်သော အမှုကိစ္စဖြစ်ပေါ်သည်'ဟု ဆိုပြီး ဖြစ်ကြောင်းကုန်စင် တင်ပြကြလေသည်။ ထိုအခါ အိဗ်လိစ်က နောက်လိုက် ရှိင်တွာန်အပေါင်းတို့အား 'အို ... ရှိင်တွာန်အပေါင်းတို့၊ ဤကဲ့သို့ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်၏ အကြောင်းရင်း အမှန်ကို သိနိုင်ရန် စုံစမ်းရှာဖွေကြကုန်'ဟု အမိန့်ပေး၏။ ရှိင်တွာန် အပေါင်းသည်လည်း အိဗ်လိစ်၏ အမိန့်အတိုင်း ကမ္ဘာအနှံ့ဖြန့်၍ လိုက်လံစူးစမ်းရာ ရှိင်တွာန်အုပ်စု တစ်စုသည် မဒီနာရွှေမြို့တော်သို့ ရောက်ရှိလာပြီး အာ့ယတွလ် ကုရ်အာန် ကျရောက်သဖြင့် ဤသို့ ဖြစ်ပျက်ကြောင်း သိကြကုန်၏။

(နွတ်ခ်ဟာကျမ်း)

တမန်တော်မြတ်(ဆွ) အမိန့်ရှိတော်မူသည်။ အလ္လာဟ်အရှင်သည် မိုးနှင့်မြေကို ဖန်ဆင်းတော်မမူမီ နှစ်ပေါင်းတစ်ထောင်အလျှင်က အလင်းရောင်၏ တောက်ပမှုတစ်ခုကို ဖန်ဆင်းတော်မူ၏။ ထိုလင်းရောင်ခြည်နူရီတော်၏ တောက်ပမှုမှ နံ့သာကတိုးထက် သင်းကြိုင်သော အမွှေးရနံ့တို့သည် သင်းထုံထွက်ပေါ်လျက်ရှိသည်။ ထိုကဲ့သို့ မွှေးကြိုင်တောက်ပသော နူရီလင်းရောင်ခြည်ဖြင့် ဂူရာဟ်ယာစင်န်ကို ရေးမှတ်တော်မူသည်။ ထို့နောက် အလ္လာဟ်အရှင်သည် အလွန်ဖြူစင်တောက်ပသော ပုလဲတစ်လုံးကို ဖန်ဆင်းတော်မူ၏။ ထိုပုလဲမှ ထူးကဲသော အမွှေးအကြိုင်ကို ထုတ်တော်မူပြီး အာယတွလ်ကုရ်စီကို ရေးတော်မူသည်။ အကြင်မည်သူမဆို အာယတွလ်ကုရ်စီကို ရွတ်ဖတ်

သရစ္ဆာယ်အံ့။ အမှန်တကယ် ယုံကြည်အံ့။ ထိုသူသည် ဂျန္နတ် ဥယျာဉ်တော်၏ တံခါးရှစ်ပေါက်အနက် မိမိကြိုက်နှစ်သက်ရာ တံခါးပေါက်မှ ဝင်ရောက်စံမြန်းရအံ့။ ထို့ပြင် အာယတွလ်ကုရ်စီ ရှိ အက္ခရာတစ်လုံး၏ အစား ဂျန္နတ်သုခဘုံတွင် ကြီးမားသော မြို့တစ်မြို့စီ အပိုင်စားရအံ့။ သို့သာမက အက္ခရာတစ်လုံးစီ၏ အစား ဟာဂျ်နှင့် အွမ္မရဟ် ပြုလုပ်သည့် အကျိုးကုသိုလ်တော် ရရှိပေအံ့။

**(နွတ်ဇဟာကျမ်း)**

ဟဒိသ်ဩဝါတော်တစ်ရပ်တွင် ဤသို့လာရှိသည်။ အကြင် အိမ်၌ အာယတွလ်ကုရ်စီကို အချိန်များစွာ (အမြဲလိုလို) ဖတ် ရွတ်သော အလ္လာဟ်အရှင်သည် ထိုသူ့အိမ်ပေါ်ကို ကောင်းချီး မင်္ဂလာအဖြာဖြာ သက်ရောက်စေတော်မူ၏၊ အကြင်သူသည် အာယတွလ်ကုရ်စီကို ဝိသျှ ရေသန့်ပြီးနောက် ဖတ်ရွတ်သော် အလ္လာဟ်အရှင်သည် ထိုသူ့အား အဆင့်အတန်းလေးဆယ် မြင့် မားစေတော်မူမည်။ ထို့ပြင် အက္ခရာတစ်လုံးစီအတွက် ကောင်း ကင်တမန်တစ်ပါးစီ ဖန်ဆင်းတော်မူပြီး ထိုကောင်းကင်တမန် တို့သည် ကိယာမတ်ကမ္ဘာပျက်သည့်တိုင် ထိုသူ့အတွက် လွတ်ငြိမ်း ချမ်းသာခွင့် တောင်းပေးကြမည်။

ဟဒိသ်ဩဝါဒတော် တစ်ရပ်၌လည်း ဤသို့လာရှိသည်။ အကြင်သူသည် အာယတွလ်ကုရ်စီကို ရွတ်ဖတ်၍ အိပ်သော် အလ္လာဟ်အရှင်သည် ထိုသူ့အတွက် မိမိ၏ ရဟ်မတ်ကရုဏာ တော်တံခါးများကို နံနက်တိုင်း ဖွင့်လှစ်ထားတော်မူသည်။ ထို့

ပြင် ထိုသူ့ကိုယ်ရှိ မွေးညင်းတို့၏ အရေအတွက်နှင့်အမျှ လင်းရောင်ခြည် မြို့တစ်မြို့စီ အပိုင်စား ချီးမြှင့်တော်မူမည်။ အကယ်၍ ထိုသူသည် ထိုည၌ပင် ကွယ်လွန်သော် (ရှဟီဒ်) သာသနာ့အာဇာနည်အဖြစ် သေဆုံးသည့် ကုသိုလ်ကိုရမည်။

ဟဒီသ်ဩဝါဒတော်တစ်ရပ်တွင် ဤသို့ လာရှိပြန်သည်။ အကြင်သူသည် နေဝင်ချိန်တွင် အာယတွလ်ကုရ်စီကို အကြိမ်လေးဆယ် ရွတ်ဖတ်သရဇ္ဈာယ်သော် အလ္လာဟ်အရှင်သည် ထိုသူအတွက် ဟာဂျ်အကြိမ်လေးဆယ်ပြုလိုက်သည့် အကျိုးကုသိုလ်ချီးမြှင့်တော်မူသည်။

ဂျာဘိရ် (ရသွေ့) သခင်က တမန်တော်မြတ်၏ မိန့်ခွန်းတော်ကို ဤသို့ဆင့်ပြန်ခဲ့သည်။ အကြင်သူသည် အိမ်မှ ထွက်ခွာချိန်၌ အာယတွလ်ကုရ်စီကို ရွတ်ဖတ်သော် အလ္လာဟ်အရှင်သည် ထိုသူအား ထိန်းသိမ်းစောင့်ရှောက်မည့် မလာအေကဟ်ကောင်းကင်တမန် ခုနစ်သောင်းကို သတ်မှတ် တာဝန်ယူစေတော်မူသည်။ ထိုကောင်းကင်တမန်တို့သည် ထိုသူအား ရှေ့နောက်ဝဲယာမှ လိုက်ပါလျက် စောင့်ရှောက်ကြလိမ့်မည်။

အကယ်၍ ထိုသူသည် မိမိအိမ်သို့ပြန်မရောက်မီ ကွယ်လွန်ခဲ့သော် အလ္လာဟ်အရှင်သည် ထိုသူအား ရှဟီဒ်ပေါင်း ခုနစ်ဆယ်၏ အကျိုးကုသိုလ်ကို ချီးမြှင့်တော်မူသည်။

အဘူဟုရိုင်ရဟ် (ရသွေ့)သခင် ဆင့်ပြန် အမိန့်ရှိခဲ့သည်။ အကြင်သူသည် မိမိအိမ်မှ ထွက်ခွာချိန်၌ အာယတွလ်ကုရ်စီကို ဖတ်ရွတ်သော် အလ္လာဟ်အရှင်သည် ထိုသူအတွက် ကောင်းကင်

တမန် ခုနစ်သောင်းကို သတ်မှတ်စေလွှတ်တော်မူသည်။ ထို ကောင်ကင်တမန်တို့သည် ထိုသူ သူ့အိမ်သို့ ချောမောစွာ ပြန် လည်မရောက်မချင်း ထိုသူ့အတွက် လွတ်ငြိမ်းချမ်းသာခွင့်ကို တောင်းပေးကြသည်။ အကယ်၍ ထိုသူသည် အိမ်သို့ ပြန် ရောက်ချိန်၌လည်း အာယတွလ်ကုရ်စီကို ရွတ်ဖတ်သော် အလ္လာဟ် အရှင်သည် ထိုသူ၏ မျက်လုံးနှစ်လုံးကြား နဖူးပြင်၌ ရေးမှတ် ထားသော ဆင်းရဲကျပ်တည်းမှုနှင့် လိုအပ်ချက်များကို ပယ်ဖျက် တော်မူသည်။

တစ်နေ့သ၌အလ္လာဟ်အရှင်သည် တမန်တော်မူစာ (အလိုင်) ထံ ဤသို့ ဝဟီဗျာဒိတ် မိန့်ကြားတော်မူ၏။ 'အို မူစာ အကြင် သူသည် ဆွလာတ် ဝတ်ပြုမှုပြုပြီးတိုင်း ဟာယတွလ်ကုရ်စီကို စွဲ မြဲစွာ ရွတ်ဖတ်သရဇ္ဈာယ်လျှင် ငါအရှင်သည် ထိုသူ့အတွက် (ရှာကေးရီးန်)ကျေးဇူးသိတတ်သူတို့၏ အကျိုးစဝါဘ်ကို ချီးမြှင့် တော်မူသည်။ ထို့ပြင် (စစ်ဒီးကီးန်) သစ္စာဝါဒီတို့၏ အကျိုးကို ချီးမြှင့်တော်မူမည်။ ထိုပြင် ငါအရှင်၏ ရဟ်မတ်ကရုဏာတော် လက်ဖြင့် ထိုသူ့အဖို့ရာ ကျယ်ဝန်းစေတော်မူမည်။ စိမ်းလန်း စိုပြည်သော ဂျန္နတ်ဥယျာဉ်များ၌ ချုပ်ချယ်တားဆီးမှုမရှိဘဲ လွတ်လပ်စွာ သွားလာခွင့်ပေးတော်မူမည်။

ထိုပြင် သေခြင်းမှအပ ဘေးအန္တရာယ်များမှ ကင်းဝေစေ တော်မူမည်။ ထိုအခါ မူစာ (အလိုင်) နဗီက 'အို အရှင် အာယတွလ်ကုရ်စီ ရွတ်ဖတ်ခြင်း၌ မည်သို့သော ပုဂ္ဂိုလ်တို့သည် စွဲမြဲကြပါသနည်း'ဟု မေးလျှောက်ရာ အလ္လာဟ်အရှင်မြတ်က

ဤသို့မိန့်ကြားတော်မူ၏။ ထိုအာယတ်တွလ်ကုရ်စီကို ဖတ်ရွတ်ခြင်း၌ နဗီအပေါင်းသည် စွဲမြဲကုန်၏၊ စွစ်ဒီးကိးန်သစ္စဝါဒီတို့စွဲမြဲကုန်၏။ ငါအရှင်အား အချစ်ထားသူတို့ စွဲမြဲကုန်၏။ ငါအရှင့်လမ်းတော်၌ အသက်စွန့်သော ရှဟီဒီတို့ စွဲမြဲကုန်၏။

ခလီဖာသမ္မတကြီး အလီ(ရသွေ့)သခင်သည် ဤသို့မိန့်ဆိုခဲ့သည်။ 'အို လူတို့၊ တမန်တော်မြတ် (စွ) သည် မင်န်ဗရ်တရားပလ္လင်ပေါ်ရပ်လျက် မိန့်တော်မူခဲ့ကို ငါကြားခဲ့သည်။ ကိုယ်တော်မိန့်သည်ကား အကြင်သူသည် စွလာတ်ဝတ်ပြုမှုပြီးတိုင်း အာယတွလ်ကုရ်စီကို ဖတ်ရွတ်သရဇ္ဈာယ်ခဲ့သော် ထိုသူသည် သေခြင်းမှအပ မည်သည့်ဘေးအန္တရာယ်မျှ ကြုံတွေ့မည်မဟုတ်ပေ။ ထိုသူဂျန္နတ်သို့ဝင်ရောက်ရာ၌ အဘယ်အရာမျှကြုံတွေ့မည်မဟုတ်ပေ။ ထိုသူသည် သေခြင်းမှအပ မည်သည့်ဘေးအန္တရာယ်မျှ ကြုံတွေ့မည်မဟုတ်ပေ။ ထိုသူဂျန္နတ်သို့ ဝင်ရောက်ရာ၌ အဘယ်အရာမျှ တားဆီးပိတ်ပင်နိုင်မည် မဟုတ်ပေ။ ထို့ပြင် အကြင်သူသည် အိပ်ချိန်၌ အာယတွလ်ကုရ်စီကို ဖတ်၍အိပ်သော် အလ္လာဟ်အရှင်ကိုယ်တော်တိုင် ထိုသူနှင့် ထိုသူ၏ အိမ်နီချင်း ထိုအိမ်နီးချင်းနှင့် အိမ်နီးချင်း၊ ထိုအိမ်နီးချင်းတို့၏ အိမ်နီချင်း ပတ်ဝန်းကျင်နှင့် မိသားစုအားလုံးကို ဘေးဘယာအပေါင်းမှ အေးချမ်းသာယာမှု ပေးတော်မူမည်။

ရှိုက်က်ခ်မုဟက္ကိက် ဂျလာလွတ်ဒင်ရဝါနီ (ရဟေ့) သခင်ကြီးက ဤသို့အမိန့်ခဲ့သည်။ အကြင်သူသည် အာယသွလ်ကုရ်စီကို ၎င်း၏ အက္ခရာအရေအတွက်နှင့်အမျှ (အာယတွလ်ကုရ်စီ တွင်

အက္ခရာပေါင်း ၁၇၀ ရှိသည်။ ) ဖတ်ရွတ်သော ထိုသူ လိုချင်သော အဆင့်အတန်းကို ချီးမြှင့်တော်မူမည်။ ထိုသူသည် ရိက္ခာကျယ်ဝန်းမှုကို လိုလားသော် အလ္လာဟ်အရှင်သည် ထိုသူအား အကွယ်ဘဏ္ဍာတိုက်မှ ရိက္ခာချီးမြှင့်တော်မူမည်။ ထို့ပြင် ကြွေးမြီပေးဆပ်နိုင်ရန်၊ သို့မဟုတ် အကျပ်အတည်းတစ်ခုခုမှ ပြေလည်ရန်၊ သို့မဟုတ် အချုပ်အနှောင်မှ လွတ်မြောက်ရန်၊ သို့မဟုတ် ပူပင်သောကနှင့် ဘေးအန္တရာယ်မှ ကင်းဝေးရန်၊ သို့မဟုတ် ရန်သူကိုအောင်နိုင်ရန် လိုလားသော် အလ္လာဟ်အရှင်သည် ထိုသူ၏ လိုအပ်မှန်သမျှကို ဖြည့်စွက်ကူညီတော်မူမည်။ အကယ်၍ ဖရည်စွလာတ်ဝတ်ပြုပြီး အကြိမ်ပြောင်း (၁၇၀) ရွတ်ဖတ်သော် အကျိုးထူး လျင်မြန်စွာ ခံစားရမည်။ အကယ်၍ ညလယ်တွင် အကြိမ်ပြောင်း (၁၇၀) ရွတ်ဖတ်သော် ချက်ချင်း အကျိုးပေးမည်။ အဆိုပါ အရေအတွက်နှင့် အညီ မင်းအစိုးရ၊ အကြီးအကဲအပါးတွင် ရွတ်ဖတ်သော် မိမိအား ပြစ်ဒဏ်စီရင်ခြင်းမှ ချမ်းသာရာရမည်။ အကယ်၍ အကြင်သူသည် အာယတွလ်ကုရ်စီရှိ စာလုံးအရေအတွက်နှင့်အမျှ (အာယတွလ်ကုရ်စီတွင် စာလုံးပေါင်း ၅၀ ရှိသည်။) ရွတ်ဖတ်ပြီး အနည်းငယ်မျှသော ပစ္စည်းအပေါ် မှုတ်လျင် ထိုပစ္စည်းမှ ကြီးမားသော ဗရကတ်မင်္ဂလာကို ခံစားရမည်။ ၎င်းပြင် ဖတ်ရွတ်သူသည် ရှိုင်တွာန်၏ ဝါစ်ဝါစာ အနှောင့်အယှက်မှ ကင်းမည်။

တမန်တော်မြတ် (စွ) က ဤသို့ မိန့်တော်မူခဲ့သည်။ အကြင်သူသည် ဖရည့်စွလာတ် ဝတ်ပြုပြီးတိုင်း အာယတွလ်ကုရ်စီ

ကို ဖတ်ရွတ်စွဲမြဲသော် အလ္လာဟ်အရှင် ကိုယ်တော်တိုင် ထိုသူ၏ အသက်ဝိညာဉ်ကို နုတ်သိမ်းတော်မူမည်။ ဆိုလိုသည်မှာ သန့်ရှင်း မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်ကိုယ်တော်တိုင် ၎င်း၏ အသက်ဝိညာဉ်ကို နုတ်သိမ်းတော်မူမည်ဖြစ်ရာ ထိုသူသည် မလက္ကွတ်မောင်တ် အသက်နုတ်သူ ကောင်းကင်တမန်၏ ပြင်း ထန်နာကျင်စွာ အသက်နုတ်ခြင်းမှ ထိန်းသိမ်းတော်မူခြင်းခံရ မည်။ ၎င်းပြင် ထိုသူသည် အပြစ်ကင်းသော နဗီရစူလ်များနှင့် တကွ ရှဟီးဒ်ဖြစ်ကြကုန်သော သာသနာ့ အာဇာနည်များ၏ အဆင့်ကို ချီးမြှင့်တော်မူခြင်း ခံရမည်။

ဟဒီသ်ဩဝါဒတော်တစ်ရပ်တွင် 'အကြင်အိမ်၌ အာယ တွလ်ကုရ်စီကို ဖတ်ရွတ်သော် ရှိုင်တွာန်သည် ထိုအိမ်မှ ဝေးရာ သို့ ပြေးသည်'ဟု လာရှိပေသည်။

ဟဒီသ်ဩဝါဒတော် တစ်ရပ်တွင် ဤသို့လာရှိပြန်သည်။ 'အကြင်သူသည် အာယတွလ်ကုရ်စီကို တစ်ကြိမ်ဖတ်ရွတ်သော် ထိုသူသည် နဖူးစာဆိုးသူတို့၏ စာရင်းမှ ပယ်ဖျက်ခြင်းခံရ မည်။ နှစ်ကြိမ်ဖတ်ရွတ်သော် နဖူးစာကောင်းတို့၏ စာရင်းတွင် ရေးမှတ်ခြင်းခံရမည်။ သုံးကြိမ်ရွတ်ဖတ်သော် ကောင်းကင်တမန် အပေါင်းသည် ထိုသူ့အတွက် ချမ်းသာခွင့် တောင်းပေးကြမည်။ လေးကြိမ်ဖတ်ရွတ်သော် မြင့်မြတ်သော နဗီအပေါင်းသည် ထိုသူ အတွက် ရှဖာအတ် အသနားခံပေးကြမည်။

ငါးကြိမ်ဖတ်ရွတ်သော် ထိုသူ၏ အမည်ကို သူတော်ကောင်း တို့၏ အမည်စာရင်းတွင် ထည့်သွင်းရေးမှတ်ခြင်း ခံရမည်။

ခြောက်ကြိမ်ဖတ်ရွတ်သော် မြစ်ချောင်းရှိငါးတို့သည် ထိုသူအဖို့ ရာ မဂ်ဖီရတ် လွတ်ငြိမ်းခွင့်တောင်းပေးကြမည်။ ခုနစ်ကြိမ် ဖတ်ရွတ်သော် ဂျဟန္နမ်၏ တံခါးခုနစ်ပေါက်သည် ထိုသူ အတွက် ပိတ်သွားမည်။ ရှစ်ကြိမ်ဖတ်ရွတ်သော် ဂျန္နတ်၏ တံခါးရှစ်ပေါက်ပွင့်မည်။ ကိုးကြိမ်ဖတ်ရွတ်သော် ထိုသူ၏ နှစ်လောကဆန္ဒများ ပြည့်ဝမည်။ ဆယ်ကြိမ်ဖတ်ရွတ်သော် အလ္လာဟ်အရှင်သည် ထိုသူကို ကရုဏာတော်ဖြင့် ကြည့်တော် မူမည်။ ထိုသူအား တစ်စုံတစ်ရာ ပြစ်ဒဏ်စီရင်ခြင်းမှ လွတ် ငြိမ်းချွတ်ကယ်တော်မူမည်။

ဟာသ် ရတ်နေဇွာမွတ်ဒင် သူတော်စင်က ဤသို့ အမိန့် ရှိခဲ့သည်။ 'ဂျမာလွတ်ဒင်န်ဟာန်စဝီ သခင်ကြီးသည် (အင်န် တေကာလ်) ကွယ်လွန်တော်မူပြီးနောက် သူတော်ကောင်းအချို့ သည် သခင်ကြီးအား အိပ်မက်၌ မြင်တွေ့ကြကုန်၏။ ထို သခင်ကြီးက အိပ်မက်ထဲတွင် ဤသို့ မိန့်လေသည်။ 'ကျွန်ုပ် အား ကဗရ် သင်္ချိုင်းတွင်း၌ ချလိုက်ပြီးနောက် ပြစ်ဒဏ်စီရင် မည့်ကောင်းကင်တမန်နှစ်ပါးသည် ကျွန်ုပ်ထံ ရောက်လာကြ သည်။ ထို့နောက် အလ္လာဟ်အရှင်ဘက်တော်မှ အမိန့်တော်ကို ယူဆောင်လာသော ကောင်းကင်တမန် တစ်ပါးတည်း ထပ်မံ ရောက်ရှိလာသည်။ (ထိုအမိန့်တော်မှာ) ထိုသူသည် မဂ်ရိတ် စွလာတ်ဘတ်ဂျ်နဖိလ် စွလာတ်များ ဝတ်ပြုပြီးနောက် အပို စွလာတ်နှစ်ရကအတ် ထပ်မံဝတ်ပြုသောကြောင့် လည်းကောင်း၊ ဖရည်စွာလတ်ဝတ်ပြုပြီးတိုင်း အာယတွလ်ကုရ်စီကို ရွတ်ဖတ်

သောကြောင့် လည်းကောင်း၊ ငါအလ္လာဟ်အရှင်သည် ထိုသူ့အား ကြင်နာမှု ကရုဏာတော်နှင့် လွတ်ငြိမ်းမှုကို ချီးမြှင့်လိုက်ပြီဟူ၍ ဖြစ်ပေသည်။

အဘူဟုရိုင်ရဟ်သခင်၏ ရှိုင်တွာန်နှင့် တွေ့ခဲ့ရသော ဖြစ်ရပ်တွင် ရှိုင်တွာန်သည် သခင်ထံ သုံးညဆက်တိုက် ရောက်လာသည်။ တတိယညတွင် ရှိုင်တွာန်ကိုဖမ်းဆီးပြီး တမန်တော်ထံပို့မည်ပြုရာ ရှိုင်တွာန်က 'ငါ့ကိုလွှတ်ပါ၊ ငါသည် သင့်အား အလ္လာဟ်အရှင့်ဘက်တော်မှ အကျိုးထူးခံစားရမည့် စာလုံးများကို သင်ပြမည်။ ညအိပ်ရာဝင်တိုင်း သင်သည် အာယတွလ်ကုရ်စီကို ရွတ်ဖတ်လျှင် အလ္လာဟ်အရှင်သည် သင့်ကို မိုးသောက်ယံအထိ တာဝန်ယူထိန်းသိမ်းစောင့်ရှောက်တော်မူမည်။ အဘူဟုရိုင်ရဟ် (ရသွေ့) သာဝကကြီးက တမန်တော်မြတ်အား ထိုအဖြစ်အပျက်ကို တင်ပြရာ တမန်တော်မြတ်က 'အမှန်မှာ ထိုသူသည် လိမ်ညာသူ (ရှိုင်တွာန်) ဖြစ်သည်။ သို့သော် ဤနေရာ၌ သင့်ကို အမှန်စကား ဆိုသွားသည်ဟူ၍ မိန့်တော်မူ၏။

ဟာစန် (ရဟေ့)သခင်က ဤသို့ဆိုသည်။ တစ်နေ့သ၌ ပုဂ္ဂိုလ်တစ်ဦးသည် ကွယ်လွန်သေဆုံးလေရာ ထိုသူ၏ အစ်ကိုဖြစ်သူက အိပ်မက်၌ ၎င်းအားမြင်ရသည်။ ထိုအခါ အစ်ကိုဖြစ်သူက ကွယ်လွန်သူညီအား 'အဘယ်ကောင်းမှုသည် အမြတ်ဆုံးဖြစ်ကြောင်း တွေ့ရသနည်း' ဟု မေးရာ ကွယ်လွန်သူက 'ကုရ်အာန်ဖြစ်သည်' ဟု ဖြေ၏။ 'ကျွန်ုပ်တို့အတွက်လည်း ဤအကျိုးကို မျှော်လင့်ရပါသလား' ဟု မေးရာ ကွယ်လွန်သူက

'သင်တို့သည် ကျင့်ကြံ၏။ သို့သော် အကျိုးကိုမသိ၊ ကျွန်ုပ်တို့ကား အကျိုးကိုသိ၏။ မကျင့်ကြံနိုင်'ဟု ဆို၏။ (ကျင့်ကြံမှုသည် မသေမီကာလ၌ အရာဝင်သည်။ သေပြီးနောက် ကျင့်ကြံမှုအားလုံး အရာမထင်ဟူလို)၊

အေမာမ်နစဖီကဆိုသည် ဂျိဘရိလ်ကောင်းကင်တမန်သည် တမန်တော်မြတ်ထံ အခစားဝင်ရောက်ပြီး ဤသို့လျှောက်တင်လေသည်။ 'အို မုဟမ္မဒ်ကိုယ်တော် (ဆ)၊ ဂျင်န်မိစ္ဆာခေါင်းဆောင်များအနက်မှ ဆိုးသွမ်းသော ဂျင်န်သည် ကိုယ်တော်အား လှည့်စားရန်ကြံ၏။ ကိုယ်တော်သည် ၎င်းအား အာယတွလ်ကုရ်စီဖတ်ရွတ်၍နှင် ထုတ်လေ'။

(နွတ်ဇဟာကျမ်း)

အိဗ်နမူးရိုးရ်က ဤသို့ဆိုသည်။ အာယတွလ်ကုရ်စီကဲ့သို့ အလ္လာဟ်အရှင်၏ နာမတော်များ လွှမ်းခြုံပါဝင်သော အာယတ် မရှိပေ။

ထိုအာယတ်တော်၏ (၁၇) နေရာတွင် အလ္လာဟ်အရှင်၏ နာမတော်များကို အထင်အရှားသော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဖော်ပြထားသည်။ သွယ်ဝိုက်မိန့်ဆိုထားသော နာမတော်များကို "အလ်ဟိုက်ယွလ်ကိုက်ဟူးမ်နှင့် အလ်အလိယွလ်အဇီမ်" ဂုဏ်တော်များ၌ ထည့်တွက်မည်ဆိုက နာမတော်ပေါင်း ၂၂ ပါးရှိပေသည်။ ထိုနာမတော်အပေါင်းတွင် အလ္လာဟ်သည် အကြီးကျယ်ဆုံးနာမတော် အိစ်မေ့အာဇာမ်ဖြစ်သည်။ ဤနာမတော်၌ ဂုဏ်တော်အားလုံး လွှမ်းခြုံပါဝင်သည်။

ထိုအာယတွလ်ကုရ်စီဘွင် ဤသို့ ကြီးကျယ်မြင့်မြတ်သော ဂုဏ်တော်များ ပါဝင်သည်ဖြစ်၍ အာယတွလ်ကုရ်စီကို ဖတ်ရွတ်ခြင်းဖြင့် တရားလိုက်စားသူ (စာလိက်) အတွက် မအ်ရီဖတ် အလ္လာဟ်အရှင်အား သိခြင်းလမ်း၌ ဖနာအဟ်ဒီယတ်[၁] အာရုံ၌ အလ္လာဟ်အရှင် တစ်ပါးတည်းမှအပ ကျန်ခပ်သိမ်းကို ဖနာပျက်ခြင်းဟု ရှုမှတ်နိုင်သည့်အဆင့်ကို ရမည်။

---

**၁။ ဖနာအဟ်ဒီယတ်၊ စိတ်နှလုံးကို အရည်အချင်း အမျိုးမျိုးပေါ် အခြေခံ၍ အမည်သုံးမျိုး မှည့်ခေါ်သည်။**

**(အကြင်စိတ်နှလုံးသည် လောကီစည်းစိမ်နှင့် အလိုရမ္မက်ကိုသာ အာရုံစိုက်သော် ထိုစိတ်ကို (အမ္မာရဟ်) မကောင်းမှုကိုသာ နှိုးဆော်သောစိတ်ဟု ခေါ်သည်။ အကြင်စိတ်သည် ရံဖန်ရံခါ ကောင်းမှုပြုလိုသော ဆန္ဒရှိပြီး ရံဖန်ရံခါ မကောင်းမှု ကျူးလွန်လိုသော် ထိုစိတ်ကို (လောင်ဝါမဟ်) မိမိကိုယ်ကို အပြစ်ဖို့တတ်သော စိတ်ဟု ခေါ်သည်။ အကယ်၍ အကြင်စိတ်နှလုံးသည် အခြေအနေအမှန်ပေါ်၌ အလ္လာဟ်အရှင်၏ အလိုတော်ကို သဘောတူပြီး အရှင့်အမိန့်တော်ကို နာခံခြင်း၌ တည်ငြိမ်ပြီး စွဲမြဲစွာ ကျင့်ကြံသော် ထိုစိတ်ကို (မွတ်မအင်န်နဟ်) တည်ငြိမ်အေးချမ်းသော စိတ်ဟုခေါ်သည်။ ထို (နဖ်စိမွတ် မအင်န်နဟ်) တည်ငြိမ်သော နှလုံးသားကိုပိုင်ဆိုင်သူ၏ အသိအာရုံတွင်အလ္လာဟ်အရှင်မြတ်မှလွဲ၍ အခြားဘာမျှမရှိတော့ပေ။ ထိုအဆင့်ကို ဖနာအဟ်ဒီယတ်ဟု ခေါ်သည်။ ထိုအဆင့်ကို ရသောသူသည် အရှင့်ကျေးဇူးတော်နှင့် ချီးမြှင့်မြှောက်စားမှုကို ရရှိမည်)။**

စိုက်ယိဒ်မုဟာမ္မဒ်တကီနာဇေလီက ဤသို့ဆိုသည်။ ကျွန်တော်သည် မဒီနာမြို့တော်တွင် အာယတွလ်ကုရ်စီကို အမြဲဖတ်နေလေ့ရှိခဲ့သည်။ တစ်ညသ၌ ကျွန်တော်သည် တမန်တော်မြတ် (ဆွ) ကို အိပ်မက်ထဲ၌ ဖူးမြင်ရသည်။

ကျွန်ုပ်က တမန်တော်မြတ်အား 'အို ... ကိုယ်တော်မြတ်၊ ကုရ်အာန်၏ အာယတ်များအနက် အမြတ်ဆုံးအာယတ်သည် မည်သည့်အာယတ်ဖြစ်သနည်း'ဟု မေးလျှောက်ရာ ကိုယ်တော်မြတ်က 'အာယတ်တွလ်ကုရ်စီဖြစ်သည်'ဟု မိန့်လေသည်။

အေမာမ်အဘူဟာနီဖဟ်သခင်ကြီးက မိမိ၏ တပည့် အေမာမ်အဘူယူစွတ်ဖ်ကို ဤသို့ဆုံးမခဲ့သည်။

'သင်သည် ဆွလာတ်ငါးကြိမ်ဝတ်ပြုပြီးတိုင်း အာယတွလ်ကုရ်စီနှင့် စူရာဟ်အိခ်လာစ် ကဲ့သို့သော အာယတ်။ စူရာဟ်တို့ကို စွဲမြဲစွာ ရွတ်ဖတ်လေ။ ထိုအာယတ်တော်နှင့် စူရာဟ်တော်ကို ရွတ်ဖတ်ခြင်းဖြင့် အရှင့်အား ဇိကိရ်တသခြင်း၊ တောင်ဟိဒ်အလ္လာဟ်အရှင် တစ်ပါးတည်းရှိကြောင်း မြွက်ဆိုခြင်း၊ ကုရ်အာန်ဖတ်ရွတ်သရဇ္ဈာန်ခြင်း စသော ကောင်းမှုတို့ကို ကျင့်ကြံဆောက်တည်သည်မည်၏။ အကယ်၍ အာယတွလ်ကုရ်စီကို ဆွလာတ်ဝတ်ပြုမှုတိုင်း၏ နောက်တွင် ဖတ်ရွတ်သော် ထိုဖတ်ရွတ်သူ၏ အပြစ်အားလုံး ပယ်ဖျက်တော်မူခြင်း ခံရမည်။

## အဖြစ်အပျက် တစ်ရပ်

ပုဂ္ဂိုလ်တစ်ဦးက ဤသို့ဆိုသည်။ 'ကျွန်ုပ်သည် အာယတ်

တွလ်ကုရ်စီကို အမြဲလိုလို ရွတ်ဖတ်လေ့ရှိသည်။ တစ်နေ့သော် ကျွန်ုပ်သည် နံဘေး၌ နာကျင်မှုဝေဒနာတစ်ခုကို ခံစားရပြီး အိပ်ရာဝ[illegible]သည်အထိ အခြေအနေ ဆိုးခဲ့သည်။ တစ်ညဉ့် ကျွန်ုပ်သည် အိပ်မက်ထဲတွင် ပုဂ္ဂိုလ်နှစ်ဦးကို မြင်ရသည်။ ထို ပုဂ္ဂိုလ်နှစ်ဦးအနက် တစ်ဦးက ကျန်တစ်ဦးကို 'ဤဝေဒနာ ခံစားနေရသူသည် အာယတွလ်ကုရ်စီကို ရွတ်ဖတ်သော် ရတ်မတ်ကာရဏာတော် (၃၆၀) ရရှိခံစားရမည်ဖြစ်သည်။ ထို သူသည် ယခုတိုင် ရဟ်မတ်တစ်ခုမှ မရသေးသလော'ဟု ဆို၏။ ကျွန်ုပ်လည်း အိပ်မက်မှ လန့်နိုးသည်ဖြစ်၍ ကျွန်ုပ် ခံစားနေရသော ဝေဒနာများ လုံးဝကင်းစင်သွားသည်ကို တွေ့ ရသည်။ အလ္လာဟ်အရှင်သည် အာယတ်တွလ်ကုရ်စီကို အကြောင်း ပြု၍ ကျွန်ုပ်အား ပျောက်ကင်းချမ်းသာမှုကို ပေးခဲ့သည်။

ဂျအ်ဖရ်စွာဒိက်သခင်က အမိန့်ရှိခဲ့သည်။ အကြင်သူသည် အာယတွလ်ကုရ်စီကို တစ်ကြိမ်ရွတ်ဖတ်သော် အလ္လာဟ်အရှင် သည် ထိုသူအတွက် လောကီဒုက္ခတစ်ထောင်မှ ကင်းဝေးစေ တော်မူမည်။ ထိုဒုက္ခများအနက် အသေးငယ်ဆုံးဒုက္ခသည် ဂျဟာန္နမ်၏ (မနာက်) ပြစ်ဒဏ်ဖြစ်၏။

## အာယတွလ်ကုရ်စီ၏ ထူးခြားချက်များ

အေမာမ်ရှိက်ခ်ဘူနီ သခင်က အမိန့်ရှိခဲ့သည်။ အကြင်သူ သည် အာယတွလ်ကုရ်စီကို ၎င်း၏ အက္ခရာအရေအတွက်နှင့်

အမျှ ရွတ်ဖတ်သော် (အက္ခရာပေါင်း ၁၇၀ ရှိသည်။) ထိုသူသည် သက်တမ်းတစ်လျှောက်တွင် စိတ်ဆင်းရဲပူပန်ခြင်းမှ ကင်းမည်၊ မည်သူကစ်ဦးတစ်ယောက်မျှ ကိုယ်နှုတ်ဖြင့် အန္တရာယ်မပြုနိုင်။ ထိုသူအား မည်သူမျှ လောကီ လောကုတ္တရာအကျိုးဆုတ်ယုတ် ပျက်ပြားအောင် မပြုနိုင်။ ၎င်းပြင် ထိုသူသည် ရှိုင်တွာန်၏ ဝပ်စ်ဝါစာ နှောင့်ယှက်မှုနှင့် မင်းအစိုးရတို့၏ အန္တရာယ်မှ ထိန်းသိမ်းခြင်း ခံရမည်။

အကယ်၍ အကြင်သူသည် အာယတွလ်ကုရ်စီကို အကြိမ်ပေါင်း (၁၇၀) ရွတ်ဖတ်သော် အလ္လာဟ်အရှင် ၏ အဖန်ဆင်းခံများအပေါ် ၎င်း၏ ဂုဏ်ရှိန်ဩဇာ သက်ရောက်ပါသည်။ မည်သူမျှ ထိုသူ့ကိုဒုက္ခမရောက်စေနိုင်။

အကယ်၍ အကြင်သူသည် အာယတွလ်ကုရ်စီကို ညဥ့်နက်သောအခါ လူများ ဆူပူသံများမှ ကင်းပြီး သန့်ပြန့်သော နေရာတွင် အကြိမ်ပေါင်း (၁၇၀) ဖတ်ရွတ်ပြီး ဆုတောင်းလျှင် အလ္လာဟ်အရှင်သည် ထိုသူ၏ ဆုတောင်းဒိုအာကို လျင်မြန်စွာ ဖြည့်စွက်လက်ခံတော်မူမည်။ အကြင်သူသည် အာယတွလ်ကုရ်စီကို ဖရည်စွလာတ် သို့မဟုတ် ဖရည်စွလာတ်အပြီး ဖတ်ရသော စွန္နတ်စွလာတ် ဝတ်ပြုပြီးတိုင်း အကြိမ်ပေါင်း (၁၇၀) ရွတ်ဖတ်သော် မိုးနှင့်မြေရှိ သတ္တဝါတို့သည် ထိုသူအား အချစ်ထားကြမည်။ အကြင်သူသည် အခက်အခဲနှင့် ရင်ဆိုင်နေရသော်၊ ဘေးကျပ်နံကျပ်ဖြစ်နေသော်၊ သို့မဟုတ် အလွန်အမင်း

ရိုဇီရိက္ခာရှားပါးသော် အဆိုပါ အရေအတွက်မျှ (၁၇၀) အာယ တွလ်ကုရ်စီ ရွတ်ဖတ်ပြီးနောက် ယာကာဖီ၊ ယာဃနီယု၊ ယာဖတ်တာဟု၊ ယာရဇ်ဇာက်ကို အကြိမ်ပေါင်း သုံးထောင်ရွတ်ပါက ထိုအခက်အခဲများ အမှန်ပင်ပြေလည်သွားပေမည်။ ထိုသူ လိုအပ်သောအရာများအတွက် လွယ်ကူမှု ထွက်ပေါက်များ ပွင့်သွားပေမည်။

အကယ်၍ အကြင်သူသည် အာယတွလ်ကုရ်စီကို အကြိမ်ပေါင်း (၁၇၀) ရွတ်ဖတ်၍ မိမိချစ်နှစ်သက်သော အရာကိုသော်လည်းကောင်း၊ ရိက္ခာကျယ်ဝန်းမှုကိုသော်လည်းကောင်း၊ လိုအင်ဆန္ဒ တစ်ခုခုကိုသော်လည်းကောင်း၊ ရန်သူအပေါ်အောင်ကြောင်းကိုသော်လည်းကောင်း မိမိအား မလိုဆန္ဒထားသူ ရန်မူသူ၏ အန္တရာယ်မှ လွတ်မြောက်မှုကိုသော်လည်းကောင်း၊ ကြွေးမြီပေးဆပ်နိုင်ရန်သော်လည်းကောင်း၊ အချုပ်အနှောင်မှ လွတ်မြောက်မှုကိုသော်လည်းကောင်း စသည်တို့ကို အလ္လာဟ်အရှင့်ထံ တောင်းခံလျှင် အလ္လာဟ်အရှင်သည် ထိုသူ၏ လိုလားမှုများကို ဖြည့်စွက်ပေးသနားတော်မူမည်။ (ဤသည် လက်တွေ့ စမ်းသပ်အောင်မြင်ထားသော ကျင့်စဉ်ဖြစ်ရာ သံသယမရှိစေလို။)

**(နွတ်ဇ်ဟာကျမ်း)**

ရှိုက်ခ်အေမာမ်အဘွလ်ဖရ်ဂျ်က ဤသို့မိန့်ခဲ့သည်။ အကြင်သူသည် အာယတွလ်ကုရ်စီကို ၎င်း၏ အက္ခရာအရေအတွက်နှင့် အမျှ (အကြိမ်ပေါင်း ၁၇၀) ဖတ်ရွတ်သော် ထိုသူသည် လောကီလောကုတ္တရာ နှစ်ဌာန၏ မြင့်မားသော အဆင့်အတန်း

ကို ရရှိမည်။ ထို့ပြင် ရောက်ရာနေရာတိုင်း၊ ဖြစ်လေရာ အခြေအနေတိုင်းတွင် ဂုဏ်ရှိသူ၊ သတ္တဝါအပေါင်း အချစ်ထားခြင်း ခံရသူဖြစ်မည်။ သတ္တဝါတို့၏ နှလုံးစိတ်ဝမ်း၌ ၎င်းအား ချစ်ခင်မှု၊ ကြင်နာမှု၊ ရိုသေခန့်ညားမှု ပေါက်ဖွားမည်။

ဒုက္ခဘေးအန္တရာယ်များမှ အကာအကွယ်ရရန်နှင့် အချုပ်အနှောင်များမှ လွတ်မြောက်ရန် အာယတွလ်ကုရ်စီသည် အစွမ်းထက်သော အာယတ်ဖြစ်သည်။

ထိုသူသည် နှစ်ဘဝပူပင်သောကနှင့် စိတ်နှလုံးမချမ်းမြေ့မှု ကင်းဝေးမည်။ မိမိအပေါင်းအသင်း မိတ်ဆွေများ၊ ဆွေမျိုးသားချင်းများနှင့် ပတ်ဝန်းကျင်၏ အချစ်ထားမှု ခံရမည်။ အလ္လာဟ်အရှင်သည် ၎င်းအား ရန်မူသူ၊ မလိုဆန္ဒရှိသူတို့ကို ဖျက်ဆီးတော်မူမည်။

အကယ်၍ အကြင်သူတစ်ဦးသည် ရန်သူ၊ သို့မဟုတ် မတရားစော်ကားသူ တစ်ဦးဦး၏ အန္တရာယ်မှ စိုးရိမ်မကင်းဖြစ်နေလျှင် မဂ်ရိဗ်စွလာတ်ဝတ်ပြုအပြီး နဖိလ်စွလာတ်နှစ်ရကအတ် ဝတ်ပြုပါ။ ရကအတ်တိုင်းတွင် ဆူရာဟ်ဖာတေဟာဖတ်ပြီးနောက် အာယတွလ်ကုရ်စီကို ဖတ်ပါ။ ဒုတိယ စဂျ်ဒါဦးချမှုပြုသောအခါ စွဗ်ဟာ နရဗ်ဗီယလ် အအ်လာဖတ်ပြီးနောက် ထိုစဂျ်ဒါ၌ပင် အာယတွလ်ကုရ်စီ သုံးကြိမ်ဖတ်ပါ။ ဤကဲ့သို့ အာယတွလ်ကုရ်စီ သုံးကြိမ်ဖတ်ရာတွင် "ဝလာယအူဒုဟူးဟိဖ်ဇွုဟုမာ ဝဟုဝလ်အလိယွလ်အဇီးမ်" ရောက်သော် ထိုအပိုဒ်ကို သုံးကြိမ်ဖတ်ပါ။ ဤသို့ တစ်ကြိမ်ပြီးတိုင်း အောက်ပါဒိုအာကိုဖတ်ပါ။

اَللّٰهُمَّ حُلْ بَيْنِيْ وَبَيْنَ فُلَانِ بْنِ فُلَانٍ
كَمَا حُلْتَ بَيْنَ السَّمَاءِ وَالْاَرْضِ وَالْجِمْ
فَاهُ كَمَا اَلْجَمْتَ السِّبَاعَ عَنْ دَانِيَالَ
عَلَيْهِ السَّلَامُ بِحَقِّ هٰذِهِ الْاٰيَةِ الشَّرِيْفَةِ

ထို့နောက် ဒုတိယအကြိမ် အာယတွလ်ကုရ်စီကိုလည်း ထိုအတိုင်းဖတ်၍ ဒိုအာကို ရွတ်ဆိုပါ။ ထို့နောက် တတိယ အကြိမ် အာယတွလ်ကုရ်စီကို အထက်ဖော်ပြပါအတိုင်း ဖတ်ပြီး စဂျ်ဒါဟ်မှ ထပါ။ ဤသို့ဖြင့် ဇွလာတ်ဝတ်ပြုမှု ပြီးဆုံးသော် အလ္လာဟ်အရှင်သည် ထိုသူအား ရန်သူများနှင့် ညှဉ်းပန်းနှိပ်စက်သူတို့၏ အန္တရာယ်မှ ကာကွယ်စောင့်ရှောက်တော်မူမည်။ သို့သာမက အလ္လာဟ်အရှင်သည် ထိုရန်လိုသူတို့၏ နှုတ်ကို ပိတ်စေတော်မူမည်။ ၎င်းနှင့်ပတ်သက်၍ ကောင်းသော စကားများမှအပ အခြား အမနာပ စကားတို့ကို ပြောဆိုကြတော့မည် မဟုတ်ပေ။

**မှတ်ချက်။** အထက်ပါ ဒိုအာကို ရွတ်ဆိုရာ၌ ဖုလာနုဗ်နုဖုလာ:န် ဟူသော နေရာ၌ မိမိအား ရန်မူသူ(ဥပမာ–မောင်မဲ၏ သားမောင်ဖြူ) အမည်ကို အစားသွင်းထည့်ဖတ်ပါ။

သူတော်ကောင်း ပုဂ္ဂိုလ်တစ်ဦးထံမှ ရိဝါယတ်အဆိုတစ် ရပ်လာရှိသည်။ ထိုသူတော်ကောင်းအား ပုဂ္ဂိုလ်တစ်ဦးက 'ကျွန် တော်သည် အမြဲလိုလို အိပ်မက်ဆိုးများ မက်နေတတ်ပြီး အိပ်မ ရဘဲ ဟိုလိုမ့်သည်လိုမ့်နှင့် ညဥ့်တစ်ညဥ့်လုံး ကုန်ဆုံးခဲ့သည်။ ညဥ့်တိုင်းလိုလို ဤသို့ချောက်ချားဖွယ်ရာ အိပ်မက်များဖြင့်သာ ရှိနေခဲ့သည်'ဟု ဆိုရာ သူတော်ကောင်းက 'သင် ညအိပ်ရာဝင် တိုင်း အအူးသုသုံးကြိမ်ဖတ်ပါ။ ထို့နောက် အာယတွလ်ကုရ်စီကို သုံးကြိမ်ဖတ်ပါ။ ဤသို့ အာယတွလ်ကုရ်စီကို တစ်ကြိမ်ဖတ် တိုင်း ဝလာယအူးဒုဟူးဟိဖ်ဇူဟူမာ ဝဟုဝလိအလိယွလ်အဇီးမ် ကို ရောက်သောအခါထိုအပိုဒ်ကို သုံးကြိမ်ဖတ်ပါ။ ထို့နောက် အိပ်စက်ပါ'ဟု ညွှန်ကြားသည့်အတိုင်း ထိုသူ အိပ်စက်ရာ မည် သည့် အိပ်မက်ဆိုးမျှ မမက်တော့ဘဲ ကိုယ်စိတ်ချမ်းမြေ့စွာ အိပ်စက်နိုင်တော့သည် ဟူ၏။

ကဇ်ဝီနီသခင်က အမိန့်ရှိခဲ့သည်။ အကယ်၍ အကြင်သူ သည် ခရီးထွက်ရန် ဆန္ဒရှိသော် ထိုခရီးစဉ်၌ ရန်သူနှင့် အခြား အန္တရာယ်တို့ကို စိုးရိမ်နေရသော် စူရဟ်လေ့အီးလာဖ် (စူရာဟ် နံပါတ် ၁၀၆) နှင့် အာယတွလ်ကုရ်စီကို ဖတ်ပါ။ ထိုစူရာဟ် နှင့် အာယတ်တော်နှစ်ပါးသည် ဖတ်ရွတ်သူအား ဘေးရန် အပေါင်းမှ ကင်းရှင်းရန် တာဝန်ယူမည်။

ပုဂ္ဂိုလ်တစ်ဦးသည် တောနက်တစ်ခု၌ ခရီးသွားရာ သွေး သောက် ဝံပုလွေတစ်ကောင်သည် ၎င်းအား တိုက်ခိုက် သတ်ဖြတ် ရန် ပြင်ဆင်နေသည်ကို တွေ့လျှင် ထိုပုဂ္ဂိုလ်သည် ဗိစ်မိလ္လာဟ်ဆို

၍ အာယတွလ်ကုရ်စီကို စတင်ရွတ်ဖတ်ခါ ရှိသေးသည်။ ဝံပုလွေသည် အမြီးကုပ်၍ပြေးသည် ဟူ၏။

အကြင်သူသည် အာယတွလ်ကုရ်စီကို ဂျုမ္မအဟ် သောကြာနေ့ အစွရ်စွလာတ် ဝတ်ပြုပြီးနောက် တစ်ကိုယ်တည်း (၁၇) ကြိမ်ရွတ်ဖတ်သော ထိုသူ၏ နှလုံးသားတွင် တစ်ကြိမ်တစ်ခါမျှ မဖြစ်ဖူးသော ကြည်လင်လန်းဆန်းမှုကို ခံစားရမည် ဖြစ်ပြီး ထိုအဖြစ်၌ ဆုတောင်းလျှင် ဒိုအာဆုတောင်း (ကဗုလ်)ပြည့်သည်။ ဂျုမ္မအဟ် သောကြာနေ့တွင် အစွရ်စွလာတ်ဝတ်ပြုပြီးနောက် မဂ်ရိဘ်အချိန်အထိ အာယတွလ်ကုရ်စီ ရွတ်ဖတ်သော ထိုသူသည် အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာနှင့် နက်နဲသိမ်မွေ့သော အသိအမြင်တို့ကို ရရှိမည်။

**(ခဇီနဟ်ကျမ်း)**

အကယ်၍ အကြင်သူသည် အာယတွလ်ကုရ်စီကို ရစူလ်တမန်တော်အပေါင်း၏ အရေအတွက်နှင့်အမျှ ရွတ်ဖတ်သော (ရစူလ်ပေါင်း ၃၁၃ ပါးရှိသည်။ တွာလူတ်သခင်၏ နောက်လိုက်စစ်သည်အရေအတွက်နှင့် ဗဒရ်စစ်မြေပြင်၌ ဂျိဟာဒ်သာသနာ့စစ်ပွဲကို ဆင်နွှဲသူတို့၏ အရေအတွက်သည်လည်း ၃၁၃ ပါးဖြစ်သည်။) ထို့နောက် တမန်တော်မြတ် (ဆွ)ကို အမှီပြု၍ အလ္လာဟ်အရှင့်ထံ ဆုဒိုအာတောင်းခံသော ထိုသူ၏ ဆုတောင်း ပြည့်မည်။

ခဇီနဟ် ကျမ်းရှင်က ဤသို့ဖတ်ရွတ်ခြင်းကို စိရ်ရေအခွီးမ်လျှို့ဝှက်အကျိုးကြီးမားသော ကျင့်စဉ်ဟုဆိုသည်။

## မုဟာရ်လမ်လမြတ်၌
## အာဟာတွလ်ကုရ်စီ ရွတ်ဖတ်နည်း

ကရိမ္မတ်ဒင်(ရဟော့)သခင်ကြီး၏ ခလီဖာဖြစ်သူ အလ္လာမဟ် အဘွလ်ယွတ်စ်ရ် သခင်က ဤသို့ဆိုသည်။

အကြင်သူသည် နှစ်ဆန်းမုဟာရ်ရမ်လမြတ်တွင် အာယတွလ်ကုရ်စီကို အကြိမ်ပေါင်း ၃၆၀ ဗိစ်မိလ္လာဟ်နှင့်တကွ ရွတ်ဆိုသော်။ ထို့နောက် အောက်ပါ ဒိုအာဆုကို ဖတ်သော် အလ္လာဟ် အရှင်သည် တစ်နှစ်လုံး ဘေးရန်အပေါင်းမှ ကင်းဝေးစေတော်မူမည်။ အေးချမ်းသာယာစွာ ထားတော်မူမည်။ ၎င်းပြင် ထိုသူအား သတ္တဝါတိုင်းက ကြီးမြတ်သူဟု မြင်ပြီး [illegible]အား ရိုသေခဲ့ညားကြမည်။

အယတွလ်ကုရ်စီကို အကြိမ်ပေါင်း ၃၆၀ ဖတ်ရွတ်ပြီး တောင်းရမည့် ဒိုအာ ...

اَللّٰهُمَّ يَا مُحَوِّلَ الْاَحْوَالِ حَوِّلْ حَالِيْ اِلٰى
أَحْسَنِ اَحْوَالٍ بِحَوْلِكَ وَقُوَّتِكَ يَا كَبِيْرُ
يَا مُتَعَالُ يَا عَزِيْزُ يَا مِفْضَالُ وَصَلَّى اللّٰهُ
عَلٰى سَيِّدِنَا مُحَمَّدٍ وَّعَلٰى اٰلِهٖ وَصَحْبِهٖ وَسَلَّمْ

သူတော်ကောင်း ပုဂ္ဂိုလ်တစ်ပါးထံမှ အဆိုတစ်ရပ် လာရှိသည်။ မုဟာရ်ရမ်လမြတ် (၁၀) ရက်ညတွင် ဝိုသူပြု၍ နဖိလ်စွလာတ်နှစ်ရကာ အတ်ဝတ်ပြုပြီး စွလာတ်ဝတ်ပြုစဉ် ထိုင်သကဲ့သို့ ကိဗ်လာအရပ်ကို မျက်နှာမူပြီး အာယတွလ်ကုရ်စီကို အကြိမ်ပေါင်း ၃၆၀ ဖတ်ရွတ်ပါ။ တစ်ကြိမ်ဖတ်ရွတ်တိုင်း ဗိစ်မိလ္လာဟ်နှင့် အစပြုပါ။ ထိုကဲ့သို့ အကြိမ်ပေါင်း ၃၆၀ ဖတ်ရွတ်ပြီးနောက် အောက်ပါဒိုအာကို ၄၈ ကြိမ် ဖတ်ပါ။

قُلْ بِفَضْلِ اللّٰهِ وَبِرَحْمَتِهٖ فَبِذٰلِكَ فَلْيَفْرَحُوْا
هُوَ خَيْرٌ مِّمَّا يَجْمَعُوْنَ

ထို့နောက် အောက်ပါဒိုအာကို ၁၂ ကြိမ်ဖတ်ပါ။

اَللّٰهُمَّ هٰذِهٖ لَيْلَةٌ جَدِيْدَةٌ وَّشَهْرٌ جَدِيْدٌ
وَّسَنَةٌ جَدِيْدَةٌ فَاَعْطِنِىْ اَللّٰهُمَّ خَيْرَهَا
وَخَيْرَ مَا فِيْهَا وَاصْرِفْ عَنِّىْ شَرَّهَا وَشَرَّ
مَا فِيْهَا وَشَرَّ فِتْنَتِهَا وَمُحْدَثَاتِهَا وَ
شَرَّ النَّفْسِ وَالْهَوٰى وَالشَّيْطَانِ الرَّجِيْمِ

ထို့နောက် (မိမိနှစ်သက်ရာ) ဒရူးဒ်ရှရီးဖ်၊ စွလဝါတ်နှင့် စွဗ်ဟာနလ္လာဟ်၊ လာအဟိလာဟအီလလာဟ်ကို အကြိမ်အနည်းငယ်ဖတ်၍ ဆုတောင်းပြီး မွတ်စလင်မ်အမျိုးသားအမျိုးသမီး အားလုံးအတွက် ဆုတောင်းမေတ္တာပို့ပါက အလ္လာဟ်အရှင်သည် ထိုသူအတွက် တစ်နှစ်ပတ်လုံး ဘေးအန္တရာယ်များနှင့် ရောဂါဝေဒနာများမှ ထိန်းသိမ်းစောင့်ရှောက်တော်မူမည်။

## အရေးကိစ္စ (ပြဿနာ) နှင့် ရင်ဆိုင်ရသော်

အကယ်၍ အကြင်သူသည်အရေးကိစ္စ (ပြဿနာကြီးတစ်ခုခု)နှင့် တွေ့ကြုံရင်ဆိုင်နေရလျှင် စည်းဝိုင်းတစ်ခုကိုဆွဲပြီး ထိုစည်းအလယ်တွင် အာယတွလ်ကုရ်စီကို ၁၇ ကြိမ် ရွတ်ဖတ်ပါ။ ထိုကဲ့သို့ အယတွလ်ကုရ်စီကို ဖတ်ရွတ်ရာတွင် အစနှင့်အဆုံး၌ ဒရူးရှရီးဖ်စွလာတ် ၁၁ ကြိမ်စီ ရွတ်ဖတ်ပါ။ အင်န်ယှာအလ္လာဟ် ထိုသူ၏ ပြဿနာပြေလည်သွားပေမည်။ သုံးရက်ဆက်တိုက် ဤအတိုင်းကျင့်ပါက အမှန်အောင်မြင်မည်။

## စည်းဝိုင်းဆွဲ၍ ကာကွယ်နည်း

ကျစ်လာထိုင်၍ တရားကျင့်ကြံအားထုတ်သူအတွက် အကာအကွယ် အစောင့်အရှောက်ရရန် အရေးကြီးသည်။ သို့ဖြစ်ရာ ထိုတရားကျင့်သူသည် တရားကျင့်ရန်မထိုင်မီ အာယတွလ်ကုရ်စီကို ၁၀ ကြိမ်ဖတ်၍ "ဝလာယအူးဒုဟူးဟိဖ်ဇွု ဟူမာဝဟလ်အလိယွလ်အဇီးမ် ရောက်တိုင်း ၎င်းအပိုဒ်ကို ၁၀ ကြိမ်ဖတ်ရ

မည်။ ထို့နောက် မိမိ၏ ဘေးပတ်လည်တွင် သံမှိုဖြင့် စည်းဝိုင်း ဆွဲရမည်။ စည်းဝိုင်းပြည့်သွားသော် သံမှိုကိုစိုက်ထားရမည်။ အကယ်၍ စည်းဝိုင်းအပြင်သို့ထွက်ရန် အကြောင်းပေါ်လျှင် သံမှိုကိုနုတ်၍ ထိုနေရာမှထွက်ပြီး ထိုနေရာ၌ပင် သံမှိုကို ပြန် စိုက်ထားရမည်။ ဤသို့ အကာအကွယ်စည်းတား၍ ကျင့်ခြင်း သည် စိုးရိမ်ဖွယ် ကျင့်ရပ်တို့အတွက် အကာအကွယ်ယူနည်းပင် ဖြစ်သည်။

## အဖြစ်အပျက်တစ်ရပ်

နွတ်ဇ်ဟာကျမ်းရှင်က ဤသို့ဆိုသည်။ ကျွန်ုပ်သည် ကျမ်း တစ်စောင်တွင် ဤသို့ ရေးသားထားသည်ကို ဖတ်ရသည်။ ပုဂ္ဂိုလ်တစ်ဦးသည် ညစဉ်ညတိုင်း အာယတွလ်ကုရ်စီကို ဖတ် ရွတ်ပြီး မိမိဆိတ်အုပ်ကို စည်းဆွဲသားလျက် အိပ်လေ့ရှိသည်။ တစ်ည၌ ထိုပုဂ္ဂိုလ်သည် အယတွလ်ကုရ်စီကို ဖတ်ရွတ်ပြီး စည်းဆွဲသားရာ ဖတ်၍မပြီးဆုံးသေးမီငိုက်မျဉ်းကာ အိပ်မော ကျသွားလေသည်။ ထို့နောက် သတိရလာပြီး အဆုံးတိုင် ဖတ် ကာ စည်းဆွဲသား၍ အိပ်လေ၏။ နံနက်မိုးသောက်သော် ဆိတ် အုပ်နှင့်အတူ လူစိမ်းတစ်ယောက်ကို တွေ့ရသည်။ ထိုလူစိမ်း အား ဆိတ်အုပ်ရှင်က “သင် ဘယ်သူလဲ။ ဒီဆိတ်အုပ်တွေကြား ထဲမှာ ဘာလာလုပ်သလဲ” ဟု မေးရာ လူစိမ်းက “ကျွန်တော် သည် ညစဉ်ညတိုင်း ဤဆိတ်အုပ်ကို ခိုးယူရန်လာပါသည်။ သို့သော် ကျွန်ုပ်သည် ဤဆိတ်အုပ်အနီးသို့ရောက်တိုင်း တံတိုင်း

အမြင့်ကြီးတစ်ခု ကာရံထားသည်ကို တွေ့ရသည်။ သို့သော် ညက ကျွန်တော်လာရာ တံတိုင်းတွင် ဝင်ပေါက်ကို တွေ့သဖြင့် ထိုအပေါက်မှဝင်၍ ဆိတ်အုပ်ထဲမှ ဆိတ်တစ်ကောင် ခိုးယူသွားမည်ပြုရာ ထိုတံတိုင်းရှိ ဝင်ပေါက်သည် ပိတ်သွားသည်ကို ထူးဆန်းဖွယ်ရာ မြင်တွေ့ရပြီး မထွက်နိုင်ဘဲ ဤနေရာ၌ တဝဲလည်လည် ဖြစ်နေပါသည်ဟု ဝန်ခံသည်ဟူ၏။

## ဂျင်န်မိစ္ဆာတို့၏ ပယောဂကြောင့် ရူးသွပ်ခြင်းနှင့် ဝက်ရူးပြန်ခြင်းတို့အတွက် အကြီးမားဆုံးအကာအခံကွယ်

အကယ်၍ တစ်ဦးတစ်ယောက်သည် ဂျင်န်မိစ္ဆာတို့၏ ဖိစီးနှောင့်ယှက် ကပ်ရောက်ခြင်း ခံနေရလျှင် ၎င်းဂျင်မိစ္ဆာကို နှင်ထုတ်ရန်အတွက် ဝေဒနာသည်၏ ယာဘက်နား၌ အာဇန်ခုနစ်ကြိမ်ဆိုပါ။

ယင်းနောက် ထိုသူ၏နားထဲသို့ စူရာဟ်ဖာတေဟာ၊ စူရာဟ်ကွလ်အအူသုဗိရဗ်ဗိလ်ဖလက်၊ စူရာဟ်ကွလ်အအူသုဗိရဗိဗ်န်နားစ်၊ အာယတွလ်ကုရ်စီ၊ စူရာဟ်အိခ်လားစ် (ကွလ်ဟုလ္လာဟုအဟဒ်)၊ စူရာဟ်စွာဖတ်နှင့် စူရာဟ် ဟရှရ်၏ နောက်ဆုံးအာယတ်များ (ဟုဝလ္လာဟွလ်လသီးမှ အဆုံးအထိ) စူရာဟ်တွာရိက်တို့ကို ရွတ်ဆို၍ မန်းမှုတ်သော် အရာဝတ္ထုကို မီးရှို့ဖျက်ဆီးလိုက်သကဲ့သို့ ထိုဂျင်န်မိစ္ဆာသည် လောင်ကျွမ်းပျက်စီးသွားပေမည်။ (လက်တွေ့စမ်းသပ်ပြီးသော ကျင့်စဉ်)

အကြင်သူသည် ဝက်ရူးပြန်ရောဂါခံစားနေရလျှင် ၎င်း၏ ဦးခေါင်းပေါ်၌ အာယတွလ်ကုရ်စီကို ၁၁ ကြိမ်ဖတ်၍ မှုတ်သော် ရောဂါပျောက်မည်။ ထိုသူ၏ ခန္ဓာကိုယ်၌ ဂျင်န်မိစ္ဆာ၏ ပယောဂရှိလျှင် ၎င်းဂျင်မိစ္ဆာသည် လောင်ကျွမ်းပျက်စီးမည်။

## နှလုံးရောဂါအတွက် ကုရ်စီရေစက်

အကြင်သူသည်နှလုံးရောဂါ၊ နှလုံးတုန်ရောဂါ၊ အသည်းရောင်ရောဂါနှင့် ဗိုက်နာရောဂါ ခံစားနေရသော် အာယတွလ်ကုရ်စီကို သန့်ပြန့်သောခွက်တွင် သုံးကြိမ်ရေးပြီး ရေနှင့်ဆေး၍တိုက်ပါ။ ဝေဒနာသည်သည် ထိုအာယတွလ်ကုရ်စီရေကို သောက်နေစဉ် 'အို အလ္လာဟ်အရှင်၊ ကျွန်တော်/ကျွန်မ၏ ရောဂါ (ရောဂါအမည်ကို ဖော်ပြပါ)ကို ပျောက်ကင်း ချမ်းသာမှုပေးတော်မူပါ'ဟု ဆုတောင်းသော် အလ္လာဟ်အရှင်သည် အာယတွလ်ကုရ်စီ၏ ဘရကတ်မင်္ဂလာဖြင့် ဝေဒနာသည်အား ပျောက်ကင်းချမ်းသာမှု ပေးသနားတော်မူမည်။

## ရောဂါဟူသမျှ၏ ဆေး

ခလီဖာသမ္မတကြီး ဟဇ္ဇရတ်အူမရ် (ရသွေ့) သခင်က တမန်တော်မြတ်၏ ဩဝါဒတော်ကို ဤသို့ ဆင့်ပြန်ခဲ့သည်။ အကြင်သူသည် မိုးရေတွင် စူရာဟ်ဖာတေဟာ အကြိမ် (၇၀)၊ အယတွလ်ကုရ်စီ အကြိမ် (၇၀)၊ ကွလ်ဟုဝလ္လာဟ် အကြိမ် (၇၀)၊ ကုလ်အအူသိုဗိရဗ်ဗိလ်ဖလက် အကြိမ် (၇၀)၊

ကွလ်အအူသိုဗိရဗ်ဗိန်နား်စ် အကြိမ် (၇၀) ဖတ်၍ မန်းမှုတ်ပြီး ရောဂါသည်ကို ခုနစ်ရက်တိတိတိုက်သော် အလ္လာဟ်အရှင်သည် ရောဂါသည်၏ ခန္ဓာကိုယ်မှ ရှိသမျှသောရောဂါတို့ကို ပျောက်ကင်းချမ်းသာမှုပေးတော်မူမည်။ ထိုရောဂါသည် ရောဂါသည်၏ အရိုးကို စားနေသည်ဖြစ်ပါစေ၊ ထိုရောဂါ ပျောက်ကင်းမည်ဟု ဂျီဘရိလ် ကောင်းကင်တမန်က ငါတမန်တော်အား အသိပေးခဲ့သည်။

(ခဇီနာကျမ်း)

## မီးဖွားလွယ်ရန်

စိုင်ယိဒ် မုဟမ္မဒ် တကီနာဇေလီက ဆိုသည်။ အကယ်၍ အမျိုးသမီးတစ်ဦးတစ်ယောက်သည် ကလေးမွေးဖွားချိန် ခက်ခဲနေပါက အောက်ပါ အာယတ်များကို ဖန်ခွက် သို့မဟုတ် စာရွက်တွင်းရေးပြီး ရေစိမ်၍ တိုက်ပါက လွယ်ကူစွာ မီးဖွားနိုင်မည်။ ကျွန်ုပ်သည် ဤကျင့်စဉ်ကို (ဟိဂျ်ရီ ၁၂၆၁ခုနှစ်)မှ (ဟိဂျရီ ၁၂၈၆ ခုနှစ်အထိ) (၂၅ နှစ်) တိုင် လက်တွေ့ကျင့်သုံးရာ အလ္လာဟ်အရှင်၏ တန်ခိုးတော်ဖြင့် အမှန် ဒေဟင်မြင်သည်ကို တွေ့ခဲ့ရသည်။ ထိုအာယတ်များမှာ အာယတွလ်ကုရ်စီ၊ ဆူရာဟ် ဖာတေဟာ၊ ဆူရာဟ်အိခ်လာစ်နှင့် အောက်ပါ အာယတ်များဖြစ်သည်။

وَنُنَزِّلُ مِنَ الْقُرْآنِ مَا هُوَ شِفَاءٌ وَّرَحْمَةٌ
لِّلْمُؤْمِنِيْنَ وَلَوْ اَنْزَلْنَا هٰذَا الْقُرْآنَ عَلٰى جَبَلٍ
لَّرَاَيْتَهٗ خَاشِعًا مُّتَصَدِّعًا مِّنْ خَشْيَةِ اللّٰهِ
وَتِلْكَ الْاَمْثَالُ نَضْرِبُهَا لِلنَّاسِ لَعَلَّهُمْ
يَتَفَكَّرُوْنَ

لَا اِلٰهَ اِلَّا اللّٰهُ مُحَمَّدٌ رَّسُوْلُ اللّٰهِ

اَللّٰهُمَّ صَلِّ وَسَلِّمْ عَلٰى سَيِّدِنَا مُحَمَّدٍ وَّعَلٰى اٰلِ
سَيِّدِنَا مُحَمَّدٍ فِيْ كُلِّ لَمْحَةٍ وَّنَفَسٍ بِعَدَدِ كُلِّ
مَعْلُوْمٍ لَّكَ (خزينة)

(ခဇိနဟ်ကျမ်း)

## ကြွေးမြီပေးဆပ်နိုင်ရန်

အာယတွလ်ကုရ်စီ အကျိုးထူးမြတ်မှုများနှင့် ထူးခြားမှုများအနက် အကျိုးထူးတစ်ရပ်မှာ အကြင်သူသည် အာယတွလ်ကုရ်စီကို ပက်လက်လဲလျောင်းပြီး အကြိမ် (၁၇၀) ဖတ်ရွတ်သော် အလ္လာဟ်အရှင်သည် ထိုသူ၏ ကြွေးမြီများကို ပြေလည်စေတော်မူမည်။

**(နွတ်ဇ်ဟာကျမ်း)**

## ချွဲသလိပ်ရောဂါ ပျောက်ကင်းရန်

ဖြူဖွေးသော ဆားခုနစ်ပွင့်ကိုယူပါ။ ဆားပွင့် တစ်ပွင့်ပေါ်၌ အာယတွလ်ကုရ်စီ ခုနစ်ကြိမ်ဖတ် (ရှုမှုတ်) ပါ။ ဆားတစ်ပွင့်စီကို ခုနစ်ရက်တိုင် အိပ်ရာထချိန် ရေ၌ဖျော်၍ သောက်သော် ချွဲ၊ သလိပ်ကြောင့်ဖြစ်သော ရောဂါများ ပျောက်ကင်းမည်။

**(ခဇီနဟ်ကျမ်း)**

## ကွလ်လေးချက်နှင့် အာယတွလ်ကုရ်စီ၏ နံ့သင့်အက္ခရာဇယား

အောက်ပါ ဇယားကွက်ကို ကုံကုမ် (နံ့သာ တစ်ခုခုဖြင့် ရေး၍ ဂျာဒူပယောဂနှင့် အခြားဝေဒနာများ ခံစားနေရသူကို ကိုက်လျှင် လည်ပင်းတွင် ချိတ်ဆွဲလျှင် အကျိုးထူး ခံစားရမည်။

ယနေ့အထိ ဤအတိုင်း ကျွန်ုပ်ကုသရာဝေဒနာပျောက်ကင်း ကြောင်း တွေ့ရသည်။

ထိုနံသင်္ချာဇယားကွက်မှာ ...

٧٨٦

| | | | |
|---|---|---|---|
| ١١٨٥٠ | ١١٨٥٣ | ١١٨٥٦ | ١١٨٤٣ |
| ١١٨٥٥ | ١١٨٤٤ | ١١٨٤٩ | ١١٨٥٤ |
| ١١٨٤٥ | ١١٨٥٨ | ١١٨٥١ | ١١٨٤٨ |
| ١١٨٥٢ | ١١٨٤٧ | ١١٨٤٦ | ١١٨٥٧ |

ကွလ်လေးချက်ဟူသည် ...

ရှူရာဟ် ကွလ်ယာအိုက်ယုဟာလ်ကာဖေရှုန်

ရှူရာဟ် ကွလ်ဟုဝလ္လာဟု အဟဒ်

ရှူရာဟ် ကွလ်အအူသိုဗိရဗ်ဗိလ်ဖလက်

ရှူရာဟ် ကွလ်အအူသိုဗိရဗ်ဗိန်နာ့းစ်-

ဟူသော ရှူရာဟ်လေးပုဒ်ကို ဆိုလိုသည်။

## ဂျင်န်မိစ္ဆာတို့၏ အနှောင့်အယှက် ပယောဂကင်းစင်ရန် အာယတွလ်ကုရ်စီ၏ နံ့သင့်ဇယားကွက်

٧٨٦

| | | | |
|---|---|---|---|
| ٥٣٠٢٤ | ٥٣٠٢٧ | ٥٣٠٣٠ | ٥٣٠١٧ |
| ٥٣٠٢٩ | ٥٣٠١٨ | ٥٣٠٢٣ | ٥٣٠٢٨ |
| ٥٣٠١٩ | ٥٣٠٣٢ | ٥٣٠٢٥ | ٥٣٠٢٢ |
| ٥٣٠٢٦ | ٥٣٠٢١ | ٥٣٠٢٠ | ٥٣٠٣١ |

## အာယတွလ်ကုရ်စီဖြင့်
## တမန်တော်မြတ် (ﷺ)ကို ဖူးမြင်နည်း

သာသနာ့ပညာရှင်တို့က ဤသို့မိန့်ဆိုကြသည်။

مَنْ رَأَى النَّبِىَّ صَلَّى اللّٰهُ عَلَيْهِ وَسَلَّمَ فِى مَنَامِهٖ
فَلَهٗ حُسْنُ الْخَاتِمَةِ وَلَهُ الشَّفَاعَةُ وَلَهُ الْجَنَّةُ
وَيَغْفِرُ اللّٰهُ لَهٗ وَلِاَبْوَيْهِ إِذَا كَانَا مُسْلِمَيْنِ
وَيُهَوِّنُ عَلَيْهِ سَكَرَاتِ الْمَوْتِ وَيَرْفَعُ
عَنْهُ عَذَابَ الْقَبْرِ وَيُؤْمِنُهٗ مِنْ اَهْوَالِ
يَوْمِ الْقِيٰمَةِ وَيَقْضِىْ جَمِيْعَ حَوَائِجِهٖ فِى الدُّنْيَا
وَالْاٰخِرَةِ بِلُطْفِهٖ وَكَرَمِهٖ

**အဓိပ္ပာယ်**

အကြင်သူသည် အိပ်မက်၌ တမန်တော်မြတ် (ﷺ)အား ဖူးမြင်ရသည်ဖြစ်အံ့။ ထိုသူအတွက် ဘဝခရီးဆုံး လှပမည်။

ထိုသူအတွက် ရှုဖွာအတ် တမန်တော်မြတ်၏ အသနားခံပေးမှု နှင့် ဂျန္နတ်ဥယျာဉ်ရရှိမည်။ အလ္လာဟ်အရှင်သည် ထိုသူနှင့် ထိုသူ၏ မွတ်စလင်မ်မိဘနှစ်ပါးအတွက် လွတ်ငြိမ်းခွင့် ပေးတော်မူမည်။ ၎င်းပြင် ထိုသူသေချိန်၌ သေခြင်း၏ စကရာတ် အခက်အခဲများကို လွယ်ကူစေတော်မူမည်။ ကဗရ် အာသာဗ် ပြစ်ဒဏ်ကို ရုပ်သိမ်းတော်မူမည်။ ထို့ပြင် အလ္လာဟ်အရှင်သည် မိမိ၏ သိမ်မွေ့နူးညံ့မှုနှင့် ကျေးဇူးတော်ဖြင့် ထိုသူ၏ လောကီ လောကုတ္တရာနှစ်ဘဝ လိုအပ်ချက်ကို ဖြည့်စွက်ပေးသနားတော်မူမည်။

အကြင်သူသည် တမန်တော်မြတ်ကို အိပ်မက်ထဲ၌ ဖူးမြင်လိုသော် ဂျုမ္မအဟ်သောကြာညဉ့်တွင်နဖိလ်စွလာတ်နှစ်ရကအတ် ဝတ်ပြုပါ။ ရကအတ်တိုင်းတွင် ဆူရာဟ်ဖာတေဟာ ဖတ်ပြီးနောက် အာယတွလ်ကုရ်စီကို ၁၅ ကြိမ် ဖတ်ပါ။ ဆလာမ်လှည့်ပြီးသည့်နောက် တမန်တော်မြတ်ထံ အကြိမ်ပေါင်း (၁၀၀၀) စွလဝါတ် မေတ္တာပို့သော် ထိုသူသည် တမန်တော်မြတ်အား အိပ်မက်၌ ဖူးတွေ့ရမည်။

## တစ်နည်း

ဂျုမ္မအဟ် သောကြာညဉ့်တွင် နဖိလ်နှစ်ရကအတ် ဝတ်ပြုပါ။ ရကအတ်တိုင်းတွင် ဆူရာဟ်ဖာတေဟာ ဖတ်ပြီးနောက် အာယတွလ်ကုရ်စီ တစ်ကြိမ်နှင့် ဆူရာဟ်အိခ်လာစ် ၁၅ ကြိမ်

ဖတ်ရွတ်ပါ။ စလာမ်လှည့်ပြီးနောက် တမန်တော်မြတ်ထံ ဇွလဝါတ်မေတ္တာ အကြိမ် တစ်ထောင်ပို့သော် ထိုညဥ့်၌ပင် သို့မဟုတ် တစ်ပတ်အတွင်း၊ တမန်တော်မြတ်ကို ဖူးမြင်ရမည်။

## တစ်နည်း

ဂျုမ္မအဟ် သောကြာညဥ့်တွင် နဖ်လ်ဝါလတ်နှစ်ရကအတ် ဝတ်ပြုပါ။ ရကအတ်တိုင်းတွင် ဆူရာဟ်ဖာတေဟာ ဖတ်ပြီး နောက် အာယတွလ်ကုရ်စီ (၁၁) ကြိမ်၊ ဆူရာဟ်အိခ်လာ်စ် (၁၁) ကြိမ် ရွတ်ဖတ်ပါ။ စလာမ်လှည့်ပြီးနောက် အောက်ပါ ဇွလဝါတ်မေတ္တာကို အကြိမ် (၁၀၀) ဖတ်၍ တမန်တော်ထံ အောက်ပါအတိုင်း မေတ္တာပို့ပါ။

اَللّٰهُمَّ صَلِّ عَلٰى مُحَمَّدِنِ النَّبِيِّ الْاُمِّيِّ
وَاٰلِهٖ وَصَحْبِهٖ وَسَلِّمْ

အမှန်ပင် တမန်တော်မြတ် (ဆွ) ကို ဖူးမြင်ရမည်။

တမန်တော်ကို ဖူးမြင်နိုင်သော အခြားနည်း အများအပြား ရှိသော်လည်း ကျမ်းလေးမည်စိုး၍ ဖော်မပြတော့ပြီ။ ဖော်ပြပါ နည်းသုံးခုအနက် မည်သည့်နည်းဖြင့်မဆို တမန်တော်အား ဖူးမြင်နိုင်သည်။

သို့သော် သတိပြုကြစေလိုသည်မှာ ဟာလလ် ရိဇ္ဇာကို စားသုံးခြင်း၊ စကားအမှန်ကိုဆို၍ မုသားမဆိုခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်းနှင့် ဆွလာတ်ကိုစွဲမြဲရန် လိုအပ်သည်။ ကျင့်စဉ် ကျင့်ရပ်များနှင့် တအ်ဝီးဇ်များ အကျိုးထက်မြက်ရန် သဏ္ဍာဝါ အပြစ် ရှောင်ကြဉ်မှုနှင့် သန့်ရှင်းမှုလိုသည်။ အရှင့်ကိုလည်း အကြောက်မထား၊ အပြစ်ကို မရှောင်ကြဉ်၊ အတွင်းအပြင် သန့်ရှင်းမှုလည်း မရှိသူအတွက် အချည်းနှီးပင်။

## အာယတွလ်ကုရ်စီဖြင့်
## ဆွလာတွလ်ဟာဂျတ်ဝတ်ပြုနည်း

လိုအင်ဆန္ဒများ ပြည့်ဝရန်အတွက် အလ္လာဟ်အရှင်မြတ် ကို ဝတ်ပြုသောအားဖြင့် ဆုတောင်းခြင်းကို ဆွလာတွလ်ဟာဂျတ် ဝတ်ပြုခြင်းဟု ခေါ်သည်။

ဟသ္ဇရတ်ရှရ်ဖွတ်ဒီန်းယဟ်ယာမုနီရီး (ရဟ်) ၏ အာယ တွလ်ကုရ်စီဖြင့် ဆွာလတွလ်ဟာဂျတ် ဝတ်ပြုနည်းမှာ သောကြာနေ့ ကျာရ်ှတ် ဆွာလတ်ဝတ်ပြုချိန် (နေထန်းတစ်ဖျားချိန်ခန့်) တွင် နဖိလ်ဆွာလာတ် လေးရကအတ်ကို ဤသို့ဝတ်ပြုရမည်။ ရကအတ် တိုင်းတွင်ဆူရာဟ်ဖာတေဟာ တစ်ကြိမ်၊ အာယတွလ်ကုရ်စီ (၁၀) ကြိမ်၊ ကွလ်ယာအိုက်ယုဟာလ်ကာဖေရူးနဆူရာဟ် (၁၀) ကြိမ်၊ ကွလ်ဟုဝလ္လာဟုအဟဒ် (ဆူရာဟ် အိခ်လာစ်) (၁၀) ကြိမ်၊ ကွလ်အအူသိုဗီရဗ်ဗိုလ်ဖလက် (ဆူရာဟ်ဖလက်) (၁၀)

ကြိမ်၊ ကွလ်အအူသိုဗီရန်နိန်နာ:စ် (စူရာဟ်နားစ်) (၁၀) ကြိမ် ဖတ်ရမည်။ စလာမ်လှည့်ပြီးနောက် အိစ်တိဂ်ဖာရ် (၇၀) ကြိမ် ဖတ်ပြီး အောက်ပါ စာပိုဒ်ကို (၇၀) ကြိမ် ဖတ်ရမည်။

سُبْحَانَ اللّٰهِ وَالْحَمْدُ لِلّٰهِ وَلَآ اِلٰهَ اِلَّا اللّٰهُ وَاللّٰهُ اَكْبَرُ وَلَا حَوْلَ وَلَا قُوَّةَ اِلَّا بِاللّٰهِ الْعَلِيِّ الْعَظِيْمِ

ထို့နောက် မိမိလိုအပ်ချက်များကို တောင်းဆိုပါလေ။ ဤစွလာတ်ကို အမြဲဝတ်ပြု ဆောက်တည်သူသည် ငတ်မွတ်မှုကို လုံးဝခံစားရမည်မဟုတ်ပေ။ ထို့ပြင် လောကီလောကုတ္တရာ နှစ်ဘဝ ဂုဏ်ကျက်သရေရှိမည်။

## လိုအင်ဆန္ဒများပြည့်ဝရန်နှင့် အခက်အခဲများ ပြေလည်ရန် အာယတုလ်ကုရ်စီ ဖတ်ရွတ်နည်း

ဖရည်စွလာတ်ဝတ်ပြုပြီးတိုင်း အာယတုလ်ကုရ်စီကို ဝဇီဖဟ်အဖြစ် ဤသို့ဖတ်ရမည်။ အာယတုလ်ကုရ်စီတွင် ဝါကျ (၁၀) ခုရှိသည်။ ဝါကျတစ်ခုစီအတွက် လက် (၁၀) ချောင်းကို ဤပုံစံဖြင့် ဆုပ်ရမည်။ 'အလ္လာဟု လာအိလာဟ် အိလ်လာဟူဝ' ဟူသော ပထမဝါကျ ဖတ်ပြီးသော် ခဏရပ်တန့်လျက် ယာလက်သန်းကိုဆုပ်ပါ။ ထို့နောက် အလ်ဟိုက်ယွူလ်ကိုက်ယူးမ် ဖတ်ပြီး ယာလက်သူကြွယ်၊ လာတအ်ခုဇုဟူ ဗိနတွန်ဝလာနောင်းမ်ဖတ်ပြီး ယာလက်ခလယ်၊ လဟူမားဖိစ်စမားဝါးတိဝမားဖိလ် အရ်ဒ်သွိကို ဖတ်ပြီး ယာလက်ညှိုး၊ ထို့နောက် မန်ဇလ်လဇီယရှ်ဖအုအဇိန် ဒဟူးအိလ်လာဘိအိဇ်နိဟီးကို ဖတ်ပြီး လက်မစသည်တို့ကို ဆုပ်ပါ။ ဤသို့ ဝါကျတစ်ခုပြီးတိုင်း ယာလက်ချောင်းများ ဆုပ်သဖြင့် ဝါကျငါးခု ဖတ်ပြီးသော် ယာလက်ချောင်းများ ဆုပ်ပြီးသား ဖြစ်မည်။ ထို့နောက် ယအ်လမုမာဘိုင်းန အိုင်းဒီးဟင်မ် ဝမာခလ်ဖတွန်မ် ဖတ်ပြီ ဘယ်လက်သန်းကိုဆုပ်ပါ။ ဝလာယူဟီးတွူနဘိရှိုင်းအင်န်မဒိင်အိလ်မိဟီးအိလ်လာ ဘိမားရှားအ ဖတ်ပြီး ဘယ်လက်သူကြွယ်ကို ဆုပ်ပါ။ ဤနည်းအတိုင်းပင် ဝစိအကုရ်ယုဟုတ်စ်စမား ဝါးတိဝလ်အရ်ဒ်သွ ဖတ်ပြီး ဘယ်လက်ခလယ်၊ ဝလာယအူးဒုဟူးဟိဖ်ဇှုဟုမာ ဖတ်ပြီး ဘယ်လက်ညှိုး၊ ဝဟုဝလ်အလီယွူလ်အဇွီးမ် ဖတ်ပြီး

ဘယ်လက်မကို ဆုပ်ပါ။ ဤသို့ဖြင့် ဝါကျ (၁၀) ခုပြည့်သော်
လက် (၁၀) ချောင်းစလုံး ဆုပ်ပြီးသား ဖြစ်မည်။

အထူးသတိပြုရန်မှာ အထက်ပါ အာယတွလ်ကုရ်စီ၏ ဝါကျ (၁၀) ပါးကို ဖော်ပြခဲ့သော ပုံစံအတိုင်း ဖတ်ရွတ်နေစဉ် ယရ်ုဖအုအင်န်ဒဟူ၊ ဟူသော ဝါကျကိုရောက်လျှင် ထိုဝါကျ၏ (အိုင်န်) အက္ခရာနှစ်ခုအကြား (ယရ်ုဖအုရှိအိုင်န်နှင့် အင်န်ဒဟူရှိ အိုင်န် နှစ်ခုအကြား) ၌ မိမိ၏ အဆင့်အတန်း မြင့်မားရေးနှင့် ရိဇိရိက္ခာ တိုးတက်ကျယ်ဝန်းရေးအတွက် ဒိုအာဆုတောင်းပါ။ ထို့နောက် ယအ်လမု မားဘိုင်းနအိုင်းဒီးဟင်မ် ဝါကျကို ဖတ်သောအခါ ထိုဝါကျရှိ မိမ် အက္ခာရာနှစ်ခုအကြား (ယအ်လမုရှိမီးမ် အက္ခရာနှင့် မာဘိုင်းနရှိမီးမ် အက္ခရာနှစ်ခုအကြား) ၌ ရန်သူ အပေါင်းကို အောင်နိုင်ရန် အာရုံပြုဆုတောင်းပါ။ အကယ်၍ တစ်ဦးတစ်ယောက်ကို မိမိအမိန့်နာခံစေလိုသော် လက်မကို ဆုပ်သောအချိန်တွင် ထိုသူကို စိတ်နှင့်မှန်းပြီး မြင်လိုက်ပါ။

လက်ချောင်း (၁၀) ချောင်း ဆုပ်ပြီးသောအခါ ရှုရာဟ် အလမ်နရှိရဟ်သုံးကြိမ်၊ ရှုရာဟ်အိခ်လာစွ် သုံးကြိမ်၊ ဓရလဝါတ် သုံးကြိမ်ဖတ်ပါ။ ထို့နောက် ရှုရာဟ်ဖာတေဟာကို (၁၀) ကြိမ် ဖတ်ပြီး ဆုပ်ထားသောလက်ကို ဖြန့်ပါ။ လက်ချောင်းများကို ဖြန့်ချိန်၌မိမိလိုအပ်သော အရာများ၏ အမည်ကို ဆိုပါ။

**(ဗယာသွ်မုဟမ္မဒီကျမ်း)**

# اٰیَةُ الْكُرْسِیِّ

اَللّٰهُ لَآ اِلٰهَ اِلَّا هُوَۚ اَلْحَیُّ الْقَیُّوْمُ ۚ لَا
تَاْخُذُهٗ سِنَةٌ وَّلَا نَوْمٌ ؕ لَهٗ مَا فِی السَّمٰوٰتِ
وَمَا فِی الْاَرْضِ ؕ مَنْ ذَا الَّذِیْ یَشْفَعُ عِنْدَهٗۤ
اِلَّا بِاِذْنِهٖ ؕ یَعْلَمُ مَا بَیْنَ اَیْدِیْهِمْ وَمَا خَلْفَهُمْ
وَلَا یُحِیْطُوْنَ بِشَیْءٍ مِّنْ عِلْمِهٖۤ اِلَّا بِمَا شَآءَ ۚ وَسِعَ
كُرْسِیُّهُ السَّمٰوٰتِ وَالْاَرْضَ ۚ وَلَا یَئُوْدُهٗ حِفْظُهُمَا ۚ
وَهُوَ الْعَلِیُّ الْعَظِیْمُ ۝

## အာယတွလ်ကုရ်စီ၏ အဓိပ္ပာယ်

အလ္လာဟ်အရှင်မြတ်သည် (သာလျှင်) ခဝပ်ကိုးကွယ်ရာ ခံတော်မူထိုက်သော အရှင် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်မှ တစ်ပါး ခဝပ်ကိုးကွယ်ခြင်း ခံထိုက်သူဟူ၍ အလျဉ်းမရှိပြီ။ (ထိုအရှင်မြတ်သည်) အမြဲရှင်နေတော်မူသော အရှင် (မိမိကိုယ် တော်တိုင် ထာဝရ တည်နေတော်မူ၍ သတ္တဝါအပေါင်းတို့ကို လည်း) ထိန်းသိမ်းစောင့်ရှောက်တော်မူသောအရှင် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်အား ငိုက်မျဉ်းခြင်းသည်လည်းကောင်း၊ အိပ်စက် ခြင်းသည် လည်းကောင်း မဖိစီးနိုင်ပေ။ ထိုအရှင်မြတ်သည် သာလျှင် အာကာသကောင်းကင်များနှင့် မြေ၌ရှိသမျှသော (သက်ရှိသက်သက်မဲ့) အရာဝတ္ထုဟူသမျှတို့ကို ပိုင်ဆိုင်တော်မူ သော အရှင်ဖြစ်တော်မူသည်။ ထိုအရှင်မြတ်၏ အထံတော်၌ ထိုအရှင်မြတ်၏ ခွင့်ပြုချက်မရှိဘဲ သူတစ်ပါးအတွက် အသနား ခံ တောင်းပန်ပေးနိုင်သူကား အဘယ်သူနည်း။ ထိုအရှင်မြတ် သည် ထိုသူတို့၏ ရှေ့နောက်အဖြစ်အပျက်အကြောင်း၊ကိစ္စ အလုံးစုံကို အကြွင်းမဲ့သိရှိတော်မူလေသည်။ သို့ရာတွင် ယင်းတို့ သည် ထိုအရှင်မြတ် သိရှိတော်မူသော အကြောင်းကိစ္စအဖြစ် အပျက်တို့အနက်မှ ထိုအရှင်မြတ် အလိုရှိတော်မူသော အကြောင်း ကိစ္စမှအပ တစ်စုံတစ်ရာကိုမျှ ဝန်းခြုံ၍ မသိနိုင်ကြပေ။

ထိုအရှင်မြတ်၏ ဉာဏ်တော်သည် အာကာသ ကောင်းကင် များနှင့်တကွ ကမ္ဘာမြေပြင် တစ်ခွင်လုံးတွင် ဝန်းခြုံလျက်ရှိချေ

**၏။ သို့ရာတွင် ယင်းမိုးကောင်းကင်နှင့်တကွ ကမ္ဘာမြေပြင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ထိုအရှင်မြတ်အား ပင်ပန်းနွမ်းရိစေသည် မဟုတ်ပေ။ စင်စစ်မူကား ထိုအရှင်မြတ်သည် (မကြံစည်နိုင်အောင်) မြင့်မြတ်တော်မူသော အရှင်၊ ကြီးကဲထွတ်မြတ်တော်မူသော အရှင်တည်း။**

ဤတွင် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် အိန္ဒိယနိုင်ငံ စဟာရန်ပူရ်ရှိ မဇွာဟိရွလ်အိုလူမ်ကျောင်း ကျောင်းဆရာ 'မောလာနာ အလိမ္မလ္လာဟ် မဇွာဟေ့ရီ' ရေးသားပြုစုသော 'အန်ဝါရေ့ကွဒ်စီ' ကျမ်းငယ်ကို ဟိဂျ်ရီသက္ကရာဇ် ၁၉၉၁ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်၊ တနင်္လာနေ့ ည ၉ နာရီတိတိအချိန်တွင် ဘာသာပြန်ပြီးစီးသည်။

**ဆရာ အစ်ဒ်ရှ်ရဟီးမ်၊ မြင့်လွင် (ကျုံဒိုး)**

ဒ္ဓဝတ်စ်အဒ္ဒီယာ အရဗီကျောင်း
အမှတ် ၂၃၊ ကန်ရိပ်သာလမ်း
ကန်တော်ကလေး၊ ရန်ကုန်

بسم الله الرحمن الرحيم

"အစ်စလာမ့်အလိုင်းကူးမိ"

# ဤစာအုပ်တွင် -

- အာယတွလ်ကုရ်စီ၏ ထူးခြားထက်မြက်မှု။
- အာယတွလ်ကုရ်စီဖြင့် တမန်တော်မြတ် မုဟမ္မဒ်(ဆွ)ကို ဖူးမြင်နည်း။
- အာယတွလ်ကုရ်စီဖြင့် ဘေးရန်ကာကွယ်နည်း။
- အာယတွလ်ကုရ်စီဖြင့် ပြဿနာဖြေရှင်းနည်း။
- အာယတွလ်ကုရ်စီဖြင့် ဂျင်ရှိုင်တွာန်တို့၏ ပယောဂကို နှိမ်နင်းကာကွယ်နည်း။
- အာယတွလ်ကုရ်စီဖြင့် နှလုံးရောဂါကုသနည်း။
- အာယတွလ်ကုရ်စီဖြင့် ကြွေးမြီဖိစီးမှုမှ လွတ်ကင်းနည်း။
- အာယတွလ်ကုရ်စီဖြင့် စွလာတွလ်ဟာဂျတ် ဝတ်ပြုနည်း။

စသည်တို့ကို ဖော်ပြထားသည်။